ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (1-9-2010) (၆၅၀၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လစ်ဗျားနိုင်ငံအကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　စက်တင်ဘာ　　၁

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျရောက်သော လစ်ဗျားနိုင်ငံ၏ တော်လှန်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လစ်ဗျားနိုင်ငံအကြီးအကဲ ဗိုလ်မှူးကြီး မူအာမား အယ်လ် ကဒါဖီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အရေးကြုံလာသည့်အခါ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး မြန်မာဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် ညီညွတ်မှုစွမ်းအားဖြင့် အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို နာဂစ်မုန်တိုင်းဖြစ်စဉ်မှ သင်ခန်းစာရယူပြီး နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ တည်ဆောက်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်　　ဩဂုတ်　　၃၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ မုန်တိုင်းဒဏ်ခံ အဆောက်အအုံ တည်ဆောက်ခဲ့ကြသည့် လုပ်ငန်းရှင်များ၊ ဂုဏ်ပြုဆု ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်သူများကိုယ်စားဂုဏ်ပြု

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အမှာစကား ပြောကြားရာတွင် ယနေ့အခမ်းအနားသည် နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုအောက်တွင် တစ်တပ်တစ်အား ဦးထမ်းပဲ့ထမ်း ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှ ဝန်ထမ်းများ၊ လိုအပ်သည်များ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးခဲ့ကြသူများ၊ Cyclone Shelter တည်ဆောက်ရေးအတွက် လှူဒါန်းပေးခဲ့သည့် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရ၏ လှူဒါန်းမှုများကို မုန်တိုင်းသင့်ပြည်သူများကိုယ်စား ပြန်လည်ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ဂုဏ်ပြုပွဲ အခမ်းအနားပင် ဖြစ်ကြောင်း။

ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှု စသည့် အကြောင်းရင်းခံများကြောင့် ယနေ့မျက်မှောက် ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ သဘာဝဘေးအန္တရာယ်များအဖြစ် မီးတောင်များ ပေါက်ကွဲခြင်း၊ ရေကြီးခြင်း၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ
The Mirror
၁-၉-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးအလေးထား အိမ်တိုင်ရာရောက် မွေးကင်းစကလေး စောင့်ရှောက်

မျက်မှောက်ကမ္ဘာတွင် နိုင်ငံများအားလုံးက ဆင်းရဲနွမ်းပါးမှု လျော့ကျလာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေး ကြိုးပမ်းနေကြပြီ။ ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်နှင့်အညီ ငါးနှစ်အောက်ကလေး သေဆုံးမှုလျော့ချရေး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကျန်းမာရေးအခြေအနေ ပိုမိုကောင်းမွန်ရေး၊ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နေကြပေပြီ။

မြန်မာနိုင်ငံတွင် မွေးကင်းစကလေး သေဆုံးမှုလျော့ချရေး၊ ငါးနှစ်အောက်ကလေး ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှု လျော့ချရေး၊ HIV/AIDS စသည့်ရောဂါများ တိုက်ဖျက်ရေး ကြိုးပမ်းလျက်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ အသက်ငါးနှစ်အောက်ကလေးများ သေဆုံးမှု၏ သုံးပုံနှစ်ပုံသည် မွေးကင်းစကလေးများဖြစ်သည်။ ထို့ကြောင့် မွေးကင်းစကလေးများ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအာရုံစိုက် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားပြီး စီမံချက်များ ချမှတ်ဖော်ဆောင်နေသည်။ ပြည်သူလူထုအခြေပြု ကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးလျက်ရှိသည်။ မိခင်တိုင်းနှင့် မိသားစုဝင်တိုင်းက ဂရုပြုလိုက်နာကြရပေမည်။

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကျန်းမာရေးဝန်ထမ်းများထံ အနည်းဆုံးလေးကြိမ် ပြသစစ်ဆေးပြီး လိုအပ်သည့် ဆေးဝါးများရယူခြင်း၊ ကာကွယ်ဆေးထိုးခံယူခြင်းများ ပြုလုပ်ကြရပေမည်။ ကျန်းမာရေး အကြံပြုချက်များနှင့်အညီ အာဟာရပြည့်ဝစွာစားသောက်ခြင်း၊ ကျန်းမာသန့်ရှင်းစွာ နေထိုင်ခြင်းတို့ကိုလည်း ဂရုပြုလိုက်နာကြရမည်ဖြစ်သည်။

ငါးနှစ်အောက်ကလေးများတွင် နမိုးနီးယား၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားတတ်သည်။ သုံးနှစ်အောက်ကလေးများတွင် အဖြစ်များလေ့ရှိသော ရောဂါများမှ ကာကွယ်နိုင်ရန် ဆေးတိုက်ကျွေးခြင်း၊ ရာသီအလိုက် ကူးစက်ဖြစ်ပွားတတ်သောရောဂါများ ကင်းစင်စေရေး နှစ်စဉ်ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကို မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါလျော့နည်းပပျောက်သောနိုင်ငံအဖြစ် အသိအမှတ်ပြုထားပြီ။ ယခုအခါ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးသည့် လုပ်ငန်းများ၊ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လျက်ရှိသည်။ မိခင်နှင့်ကလေးများ ကျန်းမာရေးသည် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းတစ်ခုဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ မိသားစုများ၊ ပြည်သူများအားလုံးက ကလေးကျန်းမာရေး ဖွံ့ဖြိုးမှုစီမံကိန်းအောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

၁၉၆၉-၁၉၇၆ ဆေးတက္ကသိုလ်(၁) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၃၁

ဆေးတက္ကသိုလ်(၁) ၁၉၆၉-၁၉၇၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများက (၃၅)နှစ်မြောက် ကျောက်စိမ်းရတုသဘင် အထိမ်းအမှတ်အဖြစ် ယင်းပညာသင်နှစ်အတွင်း ပညာသင်ကြားခဲ့သော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်မည့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကရဝိက်နန်းတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာရဲထွန်း ဖုန်း-၀၁-၆၅၅၉၃၂၊ ၀၁-၃၈၀၁၂၉၊ ဒေါက်တာဇော်ဝင်း ဖုန်း-၀၁-၆၈၂၄၇၃၊ ၀၉-၅၀၀၀၃၀၈၊ ဒေါက်တာရဲတင့်လွင် ဖုန်း-၀၁-၃၈၀၁၂၈၊ ၀၉-၅၁၃၆၇၀၂၊ ဒေါက်တာမောင်မောင်ခင် ဖုန်း-၀၉-၂၀၀၁၅၉၂၊ ဒေါက်တာခင်သန်းအေး ဖုန်း-၀၁-၅၁၀၂၈၃၊ ၀၉-၈၀၃၁၉၂၂၊ ဒေါက်တာခင်လှ ဖုန်း-၀၉-၂၀၀၀၂၀၂၊ ဒေါက်တာမင်းစိန် ဖုန်း-၀၉-၅၁၆၇၆၉၇၊ ဒေါက်တာနှင်းနှင်းဝေ ဖုန်း-၀၁-၂၂၆၂၇၇၊ ၀၉-၅၁၅၃၃၁၅၊ ဒေါက်တာသီတာသိန်းရွှေ ဖုန်း-၀၁-၃၈၆၈၄၁၁၊ ၀၉-၅၁၀၄၁၅၈၊ ဒေါက်တာခိုင်ခိုင်ဇင် ဖုန်း-၀၁-၆၆၃၅၈၇၊ ၀၉-၅၁၅၉၆၈၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ယင်းနေ့(တနင်္ဂနွေနေ့)ညနေ၆နာရီတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည့် မိတ်ဆုံညစာစားပွဲသို့လည်း မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
	✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မိတ္ထီလာမြို့နယ် လိန်တောကျေးရွာ၌ တောင်သူများ၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးစဉ်။
(လယ်/ဆည်)

ဝန်ကြီး ဦးဌေးဦး စိုက်ပျိုးရေရရှိမှုအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့သို့ ရောက်ရှိရာ ပျော်ဘွယ်မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်း ရေရရှိရေးနည်းလမ်းအသွယ်သွယ်ဖြင့် ယခုနှစ်မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ရေရရှိရေးကိစ္စရပ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကန်ပေါင်အလျားပေ ၂၄၁၀၀၊ အမြင့်ပေ ၂၀ ရှိပြီး ရေဧက ၃၆၆၄ ပေ သိုလှောင်နိုင်သည့် ယင်းတော်ကန်အား ရေပိုမိုသိုလှောင်နိုင်ရန် ပြုပြင်ထားမှုနှင့် ရေသိုလှောင်ရရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် မိတ္ထီလာမြို့နယ် လိန်တောကျေးရွာ ကွင်းအမှတ် (၅၉၁)ရှိ ငွေချည်(၆) ချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ပျိုးရေးအထူးဇုန်၌ တောင်သူများ၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးပြီး ဝါစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုကြောင့် စီးပွားရေးကောင်းမွန်လာမှုအခြေအနေများကို ဆွေးနွေးမေးမြန်းသည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် ပင်းတလဲကျေးရွာရှိ သင်ပုန်းချောင်းမှ ရေစီးဝင်သည့် ကျေးလက်ဆည်ကန်ငယ် မြကန်နှင့် ကုက္ကိုခါးလှကျေးရွာအနီးရှိ ကျေးရွာကန်ဖြစ်သော အလောင်းစည်သူကန်တို့၏ ရေဝင်ရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျေးရွာပြည်သူများနှင့် တောင်သူလယ်သမားများက စိုက်ပျိုးရေပိုမိုရရှိရန် ကန်ရေပိုမိုရရှိရေးကို တင်ပြကြပြီး ဝန်ကြီးက စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ကို မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ နာဂစ်မုန်တိုင်းသင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးပေါင်း၍ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားကြရန်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက် တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yasuaki Nogawa လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ -သစ္စာသိပြီးမှလှူပါ (အပိုင်း-၁)
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၄၃)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေး တေးကဗျာ
- ၂၁။ ရယ်စရာရွှင်စရာ ဟာသပဒေသာ
- ၂၂။ **Internet Website** ကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပဉ္စလက်ပုံရိပ် (အပိုင်း-၁၀)**
- ၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ဝန်ကြီး ဦးစိုးသိန်း ပခုက္ကူမြို့နယ်ရှိ လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)သို့ ရောက်ရှိသည်။

ထို့နောက် စက်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်အား စက်မှုနိုင်ငံအဖြစ် တည်ထောင်နိုင်ရန်အတွက် စက်မှုပညာရပ်ကျွမ်းကျင်သူများလိုအပ်ပုံ၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ဖြစ်ပေါ်ခဲ့ရပုံ၊ ပခုက္ကူဒေသအတွင်းရှိ လူငယ်လူရွယ်များအား စက်မှုကျွမ်းကျင်သူများဖြစ်နိုင်သည့် အခွင့်အလမ်းများကို နိုင်ငံတော်က ဖန်တီးပေးပုံ၊ ထိုသို့ စက်မှုကျွမ်းကျင်သူများအား နှစ်စဉ်မွေးထုတ်နိုင်ရန် အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုသင်တန်းကျောင်း လေးခုကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပုံနှင့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)ကို အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ထောင်ထားပြီး ခေတ်မီသည့် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာ တပ်ဆင်အသုံးပြု၍ ကျွမ်းကျင်သည့် နည်းပြဆရာများက မြင့်မားသည့်နည်းပညာများဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ယခု စက်မှုသင်တန်းကျောင်းကို တက်ရောက်၍ စက်မှုပညာရပ်များအား သင်ယူခြင်းဖြင့် ဒေသခံလူငယ်လူရွယ်များအနေဖြင့် စက်မှုပညာရပ်များကို မိမိ၏နယ်မြေအတွင်းမှာပင် လေ့လာသင်ယူခွင့်ရရှိသည့်အပြင် အဆိုပါပညာရပ်များကို အသုံးပြုခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်ရရှိနိုင်မည်ဖြစ်ရာ စည်းကမ်းစနစ် ကျနစွာဖြင့် လေ့လာသင်ယူကြရန် အားပေးတိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် စက်မှုသင်တန်းကျောင်းအတွင်းရှိ စာသင်ခန်းများနှင့် လက်တွေ့လေ့ကျင့်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ဝန်ကြီး ဦးစိုးသိန်းသည် ပခုက္ကူမြို့နယ်၌ ဖွင့်လှစ်ထားသည့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်(ပခုက္ကူဘဏ်ခွဲ)ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁

၂၀၁၀ခုနှစ် စက်တင်ဘာ ၁ ရက်တွင်ကျရောက်သော လစ်ဗျားနိုင်ငံ၏ တော်လှန်ရေးနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ လစ်ဗျားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မူဆာအမ် အဗ္ဗဒူဆာလမ် ကူဆာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

(၁၅)ကြိမ်မြောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး အတွက် အစည်းအဝေးပေါင်း (၁၄)ကြိမ် ကျင်းပ၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဖြစ်ကြောင်း၊ ယနေ့ (၁၅)ကြိမ်မြောက် အစည်းအဝေးတွင် အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီက ပြုစုတင်ပြသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာမူကြမ်းကို ဦးစီးကော်မတီဝင်များက သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အစီရင်ခံစာကို ဦးစီးကော်မတီက ဆွေးနွေးညှိနှိုင်း အတည်ပြုပြီးသည့်နောက် သတ်မှတ်ထားသည့် ၂၀၁၀ ခုနှစ် အောက်တိုဘာလအရောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ ပြုစုရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေး လုပ်ငန်းကော်မတီက တင်ပြသည့် အစီရင်ခံစာမူကြမ်းကို အစီအရင်ခံစာပြုစုရေး ဦးစီးကော်မတီဝင်များနှင့် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြသည်။

ရုပ်သိမ်း

ယင်းနောက် မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဩဂုတ် ၃၁ ရက်က မလေးရှားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဇနီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato Mazlan Bin Muhammad နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

သောက်သုံးရေရရှိရေး ရန်ကုန်မြို့တော်ဝန် စစ်ဆေး

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ၁၈ လမ်း အလယ်လမ်းသို့ ရောက်ရှိပြီး ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က အချင်း ခြောက်လက်မရှိ မြေအောက် သံကြွပ်ပိုက်လိုင်းများ ဖော်ယူနေမှု၊ ပိုက်များအတွင်း သံချေးများ ဆေးကြောသန့်စင်နေမှု၊ သောက်သုံးရေရရှိမှုနှင့် လမ်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဌာနမှူး ဦးသန်းထိုက်၊ လက်ထောက်ဌာနမှူး အင်ဂျင်နီယာ ဦးမျိုးသိန်းတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြို့တော်ဝန်သည် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ၁၇ လမ်း အလယ်လမ်း ရေရရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ကမ်းနားလမ်းကြား၊ (၂)လမ်းနှင့် ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ၂၈လမ်းများသို့ သွားရောက်ပြီး မြို့မိမြို့ဖများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ မြို့နယ်များရှိလမ်းများ အဆင့်မြင့်ရေး၊ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ သန့်ရှင်းသာယာရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး မြို့နယ်များအတွင်းရှိ လမ်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း ၁၈ လမ်း အလယ်လမ်း မြေအောက်ရေပိုက်လိုင်းမှ ရေပိုက်များ ဖော်ယူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပဋ္ဌာန်းဒေသနာတော် (သို့) ဘဝ၏စွမ်းရည်သတ္တိ"တရားတော် (၃) (ဆရာတော် အရှင်ဇောတိက)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၄)**
- ၈း၄၀ Activities In The City (INAX ၏ (၅)နှစ်မြောက် (အခမ်းအနား)
- ၈း၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဖောက်စားဗီဒီယိုရိုက်ကွင်း)
- ၉း၀၅ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
- ၉း၂၀ ကုသိုလ်ယူဆင်ကာန္တဲ့. . . မော်ကျွန်းမြို့ရဲ့အလှူပွဲ
- ၉း၃၀ အားကစားမြင်ကွင်းစုံ (Rဇာနည်၊ အရိုး၊ မြတ်သူရ)
- ၉း၅၅ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၀း၀၀ Industrial Talk
- ၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (လင်းလက်ဟိန်း)
- ၁၁း၀၀ သင်ယူလေ့လာ ဂီတပညာ (Introduction)
- ၁၁း၃၀ အဖြူရောင်ဆေးစက် (လူမင်း၊ ရီဝေယံ၊ ထွန်းအိန္ဒြာဗိုလ်၊ သဇင်) (ဒါရိုက်တာ- ညွန့်မြန်မာညီညီအောင်)
- ၁း၀၀ "ပဋ္ဌာန်းဒေသနာတော် (သို့) ဘဝ၏စွမ်းရည်သတ္တိ"တရားတော် (၃) (ဆရာတော် အရှင်ဇောတိက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၄)**
- ၄း၄၀ ရန်ကုန်မြင်ကွင်းကျယ် Unique Study Abroat ပညာရေးဟောပြောပွဲ
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (EXCELLENT Photo, Video Editing သင်တန်း)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁)**
- ၇း၁၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကုက္ကိုင်းရိပ်သာလမ်းက မှန်အိမ်ကလေး)
- ၇း၄၀ နုယဉ်ဆန်းထွင် သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဇော်မင်းလေး)
- ၉း၁၅ **Shooting Making ("အချစ်သည်ပညာရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်သည်" ဇာတ်ကားရိုက်ကွင်း)**
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၅)**
- ၁၀း၀၅ ရွှေအိုး (ရဝေအောင်၊ မင်းဟိဏ်း၊ မျိုးသန္တာထွန်း ချောရတနာ၊ ချစ်စနိုးဦး) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၁၀း၃၅ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
- ၁၀း၅၀ Activities In The City (INAX ၏ (၅)နှစ်မြောက် အခမ်းအနား)
- ၁၂း၀၀ ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
- ၁၂း၂၀ World of Knowledge (Megastructures : Petronas Towers)
- ၁း၀၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
- ၁း၁၅ အကယ်၍သာ (မျိုးသန္တာထွန်း၊ ချစ်စနိုးဦး) (ဒါရိုက်တာ- ညွန့်မြန်မာညီညီအောင်)
- ၁း၃၀ ကုသိုလ်ယူဆင်ကာန္တဲ့. . . မော်ကျွန်းမြို့ရဲ့အလှူပွဲ
- ၁း၄၀ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁း၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (ဖောက်စားဗီဒီယိုရိုက်ကွင်း)
- ၂း၀၀ ရန်ကုန်မြင်ကွင်းကျယ် Unique Study Abroat ပညာရေးဟောပြောပွဲ
- ၂း၂၅ Industrial Talk
- ၂း၅၅ **Shooting Making ("အချစ်သည်ပညာရေးကို ဆိုးဝါးစွာထိခိုက်စေနိုင်သည်" ဇာတ်ကားရိုက်ကွင်း)**
- ၃း၀၅ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်မှုအန္တရာယ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၃း၃၅ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၄း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အာဖဂန်အရှေ့ပိုင်းနှင့် တောင်ပိုင်းတွင် လမ်းဘေးဗုံးထောင် ဖောက်ခွဲမှုသုံးခု ဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်ငါးဦး သေဆုံး

ကဘူး ဩဂုတ် ၃၁

အာဖဂန်နစ္စတန်နိုင်ငံတွင် လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်မှု သုံးခုယနေ့ဖြစ်ပွားခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့ဌာနချုပ်က ကြေညာသည်။

တာလီဘန်တို့၏ အဓိကတိုက်ခိုက်ရေး လက်နက်တစ်ခုဖြစ်သော လက်လုပ်ဗုံး(အိုင်အီးဒီ) များဖြင့် အာဖဂန်အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ပြောကြားသော်လည်း အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အဆိုပါ တိုက်ခိုက်မှုများသည် အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရပြီး နောက်တစ်ရက်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်တွင် ယမန်နှစ်က နိုင်ငံခြားတပ်ဖွဲ့ဝင် ၅၂၁ဦး သေဆုံးခဲ့ရာ ယခုနှစ်အဖို့မူ ယခုချိန်အတွင်းမှာပင် နိုင်ငံခြားတပ်ဖွဲ့ဝင် ၄၈၀ ကျော် သေဆုံးခဲ့ပြီးဖြစ်ရာ သေကျေဒဏ်ရာရမှုများ ပိုမိုဖြစ်ပေါ်ဖွယ်ရှိကြောင်း ဘာဂ့်ဂရမ် လေတပ်စခန်း အခြေစိုက် သတင်းထောက်တစ်ဦးက ပြောကြားသည်။

ထိုစဉ်အတွင်း အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များ၏ အကြီးအကဲ ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရီးယပ်စ်က နိုင်ငံတကာ တပ်ဖွဲ့ဝင်များအနေဖြင့် တောင်ပိုင်းပြည်နယ်များဖြစ်သော ကန်ဒါဟာနှင့် ဟဲလ်မန့်တို့တွင် အောင်ပွဲအချို့ရရှိသော်လည်း တာလီဘန်များ ထိန်းချုပ်ထားသည့် နေရာဒေသများ ရှိနေဆဲဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ ကတိ အတိုင်းတပ်ဖွဲ့ဝင်အင်အား ၃၀၀၀၀ ထပ်မံရောက်ရှိလာပါက သေကျေထိခိုက်ဒဏ်ရာရမှု ပိုမိုလာဖွယ်ရှိကြောင်း သတိပေး ပြောကြားထားသည်။

အင်တာနက်။

အမေရိကန်နိုင်ငံဖွား မူးယစ်ဂိုဏ်း ခေါင်းဆောင် မက္ကဆီကိုတွင် ဖမ်းဆီးမိ

မက္ကဆီကိုစီးတီး ဩဂုတ် ၃၁

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ဖွား "ဘာဘီ" ဟု အမည်ပေးထားသူ မူးယစ်ဂိုဏ်းခေါင်းဆောင်တစ်ဦးကို ယမန်နေ့က ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများ၏ သောင်းကျန်းမှု အထွတ်အထိပ်ရောက်နေသော မက္ကဆီကို နိုင်ငံ အစိုးရအဖို့ အဓိကကျသော အောင်ပွဲတစ်ရပ်ကို ရရှိလိုက်ခြင်းပင်ဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

အဂ္ဂါဗဲလ်ဒက်ဇ်ဗီလာရီယယ်အမည်ရှိ မက္ကဆီကိုလူမျိုး အမေရိကန်နိုင်ငံသားသည် အမေရိကန်နိုင်ငံ၌လည်း မူးယစ်ဆေးဝါးပြစ်မှုများနှင့် ရင်ဆိုင်နေရသူဖြစ်သည့်အပြင် မူးယစ်ဂိုဏ်းများအကြား တိုက်ပွဲများတွင် လူသတ်ပြီး အလောင်းများကို တံတားများ၌ ချိတ်ဆွဲထားမှု၊ မက္ကဆီကို အလယ်ပိုင်းဒေသတွင် ပစ်ခတ်မှုများစသည့် ရက်စက်ကြမ်းကြုတ်မှုများအတွက်လည်း တာဝန်ရှိသူအဖြစ် နာမည်ထွက်နေသူ ဖြစ်သည်။

မက္ကဆီကိုအလယ်ပိုင်းအခြေစိုက် ဘဲလ်ထရန်လေးဗာ ဂိုဏ်း ခေါင်းဆောင်ဗီလာရီယယ်ကို မက္ကဆီကိုစီးတီးမြို့ အနီး မိုရီလော့စ်ပြည်နယ်အစွန်အဖျားရှိ လူနေရပ်ကွက် အတွင်းမှ အိမ်တစ်အိမ်တွင် ပြည်ထောင်စုရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မက္ကဆီကိုနိုင်ငံကရော အမေရိကန်နိုင်ငံကပါ အလို အရှိဆုံးသူများအနက် တစ်ဦးဖြစ်သည့် ဗီလာရီယယ်ကို ခုခံမှု အနည်းငယ်မျှနှင့် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **အယ်လ်ဂျာဇီးရား။**

ပါကစ္စတန်တွင် ရေလွှမ်းမိုးမှုများ ပြန်လည်ကျဆင်းစပြု

အစ္စလာမ္မာဘတ် ဩဂုတ် ၃၁

ပါကစ္စတန်နိုင်ငံတွင် ရက်သတ္တပါတ်ကြာမျှ ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများသည် နိုင်ငံတောင်ပိုင်း မြို့နှစ်မြို့ကို နောက်ဆုံးဖျက်ဆီးပြီးနောက် အာရေဗီးယန်းပင်လယ်တွင်းသို့ ရေများ ဩဂုတ် ၃၁ရက်တွင် ပြန်လည်ကျဆင်းစပြုပြီ ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်မြောက်ပိုင်းနှင့် ပန်ဂျပ်ပြည်နယ်များတွင် ရေများကျဆင်းစပြုပြီဖြစ်သော်လည်း တောင်ပိုင်း အိန္ဒုမြစ်အနီး ဆင်းပြည်နယ်ရှိ မြို့များမှာမူ ရေများဖုံးလွှမ်းနေဆဲဖြစ်ကြောင်း သိရသည်။

အယ်လ်ခိုင်ဒါနှင့် တာလီဘန်များကြောင့် ပြည်တွင်းရေးမငြိမ်သက်မှုနှင့် စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရသော နျူကလီးယားလက်နက် ပိုင်ဆိုင်သည့် ပါကစ္စတန်နိုင်ငံ၏ တည်ငြိမ်ရေးမှာ ရေလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်ခဲ့သော ပျက်စီးမှု အတိုင်းအဆကြောင့် စိုးရိမ်ဖွယ်အနေအထားသို့ ရောက်ရှိနိုင်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ခန့်မှန်းချက်များအရ ရေဘေးကြောင့် လူနေအိမ် တစ်သန်းကျော် ပျက်စီးခဲ့ပြီး ယခုနှစ်အတွင်း ငလျင်ဒဏ်အကြီးအကျယ်ခံခဲ့ရသော ဟေတီနိုင်ငံ၏ ပျက်စီးမှု ပမာဏထက် ငါးဆပိုခဲ့သည်။ ရေဘေးဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးအတွက် ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ ကုန်ကျမည်ဖြစ်ပြီး နှစ်နှင့်ချီ၍ အချိန်ယူရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **အေပီ။**

မသင်္ကာဖွယ်ပစ္စည်းများ သယ်ဆောင်လာမှုဖြင့် အမ်စတာဒမ်လေဆိပ်၌လူနှစ်ဦးကို ဖမ်းဆီး

ဝါရှင်တန် ဩဂုတ် ၃၁ - အမေရိကန်နိုင်ငံ ချီကာဂိုမြို့မှ ယူနိုက်တက်လေကြောင်းလိုင်း ခရီးစဉ်အမှတ် (၉၀၈)ဖြင့် လိုက်ပါလာသူ ခရီးသည် အမျိုးသားနှစ်ဦး၏ ခရီးဆောင်သေတ္တာများအတွင်း မသင်္ကာဖွယ်ပစ္စည်းများပါရှိကြောင်း အမေရိကန်လုံခြုံရေးတာဝန်ရှိသူများ၏ သတင်းပေးပို့ချက်ကို ရရှိပြီးနောက် ဒတ်ချ်အာဏာပိုင်များသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် အမ်စတာဒမ်လေဆိပ်သို့ ဆိုက်ရောက်လာသော လေယာဉ်ပေါ်မှ အဆိုပါ ခရီးသည်နှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်သည်။

ဟော်လန်နိုင်ငံ အမ်စတာဒမ်မြို့ စကစ်ဖိုလ် လေဆိပ်။

ပုလင်းတစ်လုံးနှင့်တွဲကာ တိပ်ဖြင့်ကပ်ထားသော ဆဲလ်ဖုန်းတစ်လုံး၊ တိပ်ဖြင့်ပူး၍ တွဲထားသော ဆဲလ်ဖုန်းသုံးလုံးနှင့် နာရီများ၊ သံဖြတ်ကိရိယာတစ်ခုနှင့် ဓားများကို ၎င်းတို့၏ ခရီးဆောင်သေတ္တာများအတွင်း ထည့်သွင်းလာကြောင်း ချီကာဂိုလေဆိပ်မှ စစ်ဆေးရေးစကင်နာစက်က တွေ့ရှိခဲ့ပြီးနောက် အမ်စတာဒမ်မြို့ စကစ်ဖိုလ် လေဆိပ်လုံခြုံရေးသို့ သတင်းပေးပို့ခဲ့သည်။ အမေရိကန်ဒေါ်လာ ၇၀၀၀ ကိုလည်း ၎င်းတို့နှစ်ဦး အနက်တစ်ဦးက သယ်ဆောင်လာသည်ကို တွေ့ရှိခဲ့သည်။

၎င်းတို့နှစ်ဦးမှာ အာမက်မိုဟာမက် နာဆာအယ်လ်ဆူးဖီနှင့် ဟာဇမ်အယ်လ် မူရီဆီတို့ဖြစ်ပြီး ယီမင် ဇာတိဖွားများဖြစ်ကြောင်း ဒတ်ချ်ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ အိမ်ဖြူတော်၏ အမျိုးသားလုံခြုံရေးကောင်စီမှ နည်းဗျူဟာဆိုင်ရာ ညွှန်ကြားရေးမှူးဟောင်း မစ်ချဲလ်ဘားရက်က အလွန့်အလွန် အရေးကြီးသည့် ရှာဖွေတွေ့ရှိမှုဖြစ်ကြောင်း၊ ဒေသတွင်း လေကြောင်းပျံသန်းမှုများတွင် အကြမ်းဖက်သမားများ တိုက်ခိုက်မည့် အန္တရာယ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ရမည့် အနေအထားကို ဖော်ပြနေကြောင်း၊ ၎င်းတို့ သယ်ဆောင်လာသော ပစ္စည်းများမှာ တားမြစ်ကုန်ပစ္စည်းများ မဟုတ်သော်လည်း လုံခြုံရေးစနစ်များ၏ အလုပ်လုပ်ပုံကို စမ်းသပ်သည့် သဘောဖြစ်ကြောင်း ပြောကြားသည်။

ဝါရှင်တန်ပို့စ်။

အားလ်ဟာရီကိန်းမုန်တိုင်း အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းသို့ ဦးတည်

နယူးယောက် ဩဂုတ် ၃၁

အားလ်ဟာရီကိန်းမုန်တိုင်းသည် ကာရစ်ဘီယံပင်လယ်အရှေ့ဘက်ရှိ ကျွန်းများကို တိုက်ခတ်ပြီးနောက် အတ္တလန္တိတ် သမုဒ္ဒရာကိုဖြတ်ကာ အမေရိကန်ပြည်ထောင်စုဆီသို့ ဦးတည်လျက်ရှိသည်။ အဆိုပါ မုန်တိုင်းသည် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းရိုးတန်းသို့ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိမည်ဟု ခန့်မှန်းထားကြသည်။

ဗာဂျင်ကျွန်းစုနှင့် ပွာတိုရီကိုတို့တွင် တစ်နာရီလျှင် ကီလိုမီတာ ၂၀၀နှုန်းခန့်ဖြင့် လေပြင်းများတိုက်ခတ်ခဲ့ပြီး မိုးများလည်း သည်းထန်စွာရွာသွန်းခဲ့သည်။

အားလ်မုန်တိုင်းမှာ အဆင့်(၄)ရှိ မုန်တိုင်းဖြစ်ပြီး ယခုနှစ် အတ္တလန္တိတ်သမုဒ္ဒရာ မုန်တိုင်းရာသီတွင် ဒုတိယ အပြင်းထန်ဆုံးမုန်တိုင်း ဖြစ်သည်။ **အင်တာနက်။**

ချီလီမိုင်းလုပ်သားများ ၎င်းတို့လွတ်မြောက်ရေးအတွက် ကျောက်စကျောက်န တန် ၄၀၀၀ ရှင်းလင်းရမည်

ဆန်တီယေဂို ဩဂုတ် ၃၁

မြေအောက်တွင် ပိတ်မိနေသော ချီလီမိုင်းလုပ်သားများသည် ၎င်းတို့ကို ကယ်တင်ရန် အသက်ကယ်တွင်းတူးရာမှ ထွက်ပေါ်လာမည့် ကျောက်သားတန်ချိန် ၄၀၀၀ ကို ဖယ်ရှားပေးရလိမ့်မည်ဖြစ်ကြောင်း ဩဂုတ် ၃၁ ရက် သတင်းများတွင် ဖော်ပြသည်။

ဆန်ဟိုဆေးမိုင်းတွင်းအတွင်း ၂၆ရက်ကြာ ပိတ်မိနေသော မိုင်းလုပ်သား ၃၃ ဦးကို ကယ်တင်ရန် ရှေ့ပြေးတွင်းတစ်တွင်းကို ကယ်ဆယ်ရေးအဖွဲ့များက တူးဖော်လျက်ရှိရာ ကျောက်သားပြင် အနက်ပေ ၅၀ ထိတိုင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တွင်းသည် တစ်ပေပတ်လည်သာရှိမည့် တွင်းဖြစ်ပြီး ယင်းတွင်းကို ထပ်မံချဲ့ထွင် တူးဖော်မည်ဖြစ်ရာ ကျောက်စကျောက်နများသည် ပိတ်မိနေသော မိုင်းတွင်းလုပ်သားများ တည်ရှိရာ နေရာနှင့် မီတာရာပေါင်း အနည်းငယ်ခန့်တွင် ကျရောက်ပိတ်ဆို့မည် ဖြစ်သည်။ ထွက်ပေါ်လာမည့် ကျောက်သားအစအန တန် ၄၀၀၀ ကို ပိတ်မိနေသော ချီလီမိုင်းလုပ်သားများက လက်တွန်းလှည်းများ၊ စက်မှုလုပ်ငန်းသုံး အမှိုက်ရှင်းစက်များဖြင့် ဖယ်ရှား၍ လွတ်လမ်းရှာရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် နေ့ညမပြတ်လုပ်ဆောင်မည်ဆိုပါက ရက်သတ္တ ၁၆ ပတ်မျှ အချိန်ယူရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဂါဒီယန်။

ဩဂုတ် ၃၀ ရက်က အန်တီဂွါကျွန်းတွင် အားလ်ဟာရီကိန်း တိုက်ခတ်ပြီးနောက် မြင်ရသော မြင်ကွင်း။

ပုသိမ် - မုံရွာကားလမ်း အဆင့်မီ ကတ္တရာလမ်းဖြစ်ရန် ကျောက်ခင်းလုပ်ငန်းများ ဆောင်ရွက်နေကြစဉ်။

✪ ကျောဖုံးမှ

ဦးဆောင်ပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးဝင်းမောင်၊ ပြည်သူ့ဆောက်လုပ်ရေး အထူးအဖွဲ့များနှင့် ကုမ္ပဏီများက (၁၇၉/၆) မိုင်ကိုလည်းကောင်း၊ အပိုင်း(၂) ဥသျှစ်ပင်မှ မကွေး-ပဲခူးတိုင်းဒေသကြီးနယ်စပ် ကဇွန်းမအထိ (၁၈၃/၂) မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဦးစိန်သောင်းက တာဝန်ယူ ဦးဆောင်ပြီး အင်ဂျင်နီယာချုပ် ဦးသိန်းဇော်နှင့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ အထူးအဖွဲ့များနှင့် ကုမ္ပဏီများ ပါဝင်သောအဖွဲ့က (၁၈၃/၂) မိုင်ကိုလည်းကောင်း၊ အပိုင်း(၃)ဖြစ်သည့် ကဇွန်းမ-မုံရွာအပိုင်းကို ဒုတိယ ဝန်ကြီး ဦးတင့်ဆွေက ဦးဆောင်ပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းအထူးအဖွဲ့၊ ခရိုင်အထူးအဖွဲ့နှင့် ကုမ္ပဏီများက (၈၇/၅)မိုင်ကိုလည်းကောင်း စုစုပေါင်း ပုသိမ်-မုံရွာကားလမ်း မိုင် ၄၅၀ ၅ ဖာလုံကို လမ်းအင်္ဂါနှင့် ပြည့်မီသော မြေသားတာပေါင်လမ်း အကျယ် ပေ ၄၀ နှင့် ၁၂ ပေအကျယ်ရှိ ကတ္တရာလမ်းအဖြစ် ပေါ်ထွက်လာစေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဖောက်လုပ်လျက်ရှိသည်။

ပုသိမ်-မုံရွာလမ်းသည် ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းဟူသည့် တိုင်းဒေသကြီးလေးတိုင်းကို ဖြတ်သန်းဖောက်လုပ်နေသည့် နိုင်ငံ၏ အဓိကအားထားရာ လမ်းကြောင်းတွင်ပါဝင်သော လမ်းမကြီးတစ်လမ်းဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် ပုသိမ်-ကံကလေး-ရေကြည်-ငါးသိုင်းချောင်း-ရေနံ့သာ-ဘက်ရဲအပိုင်း မိုင် ၁၃၀ ၆ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက လည်းကောင်း၊ ၁၉၇၁-၁၉၇၂ ခုနှစ်တွင် ဘက်ရဲ-ဥသျှစ်ပင်အပိုင်း ၃၁ မိုင် ၆ ဖာလုံကို SNOWY MOUNTAIN ENGINEERING CORPORATION(SMEC) (ကိုလံဘိုစီမံကိန်း)ကလည်းကောင်း၊ ၁၉၇၆-၁၉၇၇ ခုနှစ်တွင် ဥသျှစ်ပင်-မင်းတုန်းအပိုင်း ၅၂ မိုင် ၇ ဖာလုံကို (SMEC) (ကိုလံဘိုစီမံကိန်း)ကလည်းကောင်း တာဝန်ယူဖောက်လုပ်ခဲ့သည်။ ဥသျှစ်ပင်-မင်းတုန်းအပိုင်းတွင် ဥသျှစ်ပင်မှ ကံပြား အထိသာ ဆောင်ရွက်ခဲ့ပြီး ၁၉၈၂-၁၉၈၃ ခုနှစ်တွင် မင်းတုန်း-ပဒါန်းအပိုင်း ၅၁ မိုင် ၅ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် ပဒါန်း-ကဇွန်းမ အပိုင်း ၈၂ မိုင် ၁ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဩစတြေးလျ

ပုသိမ် - မုံရွာကားလမ်းဖောက်လုပ်ရာတွင် မြေဖို့မြေသယ်လုပ်ငန်းအား စက်ကြီး၊ ကားကြီးများဖြင့် ဤသို့ဆောင်ရွက်နေကြစဉ်။

ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍လည်းကောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ကဇွန်းမ - မုံရွာအပိုင်း ၁၀၅ မိုင် ၁ ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက လည်းကောင်း အသီးသီး တာဝန်ယူဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို အရေးကြီးလုပ်ငန်းတာဝန်အဖြစ်ခံယူပြီး ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဆက်သွယ်သည့် လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် မဟာဗျူဟာလမ်းမကြီးများကို ဖောက်လုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေပြီး အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆၀၀၀၀ကျော် ကျယ်ဝန်းကာ နိုင်ငံတစ်ဝန်း မီးရထားလမ်း၊ ရေကြောင်းလမ်းနှင့် လေကြောင်းလမ်းများရှိသော်လည်း အဓိကဆက်သွယ် သွားလာရေးလမ်းကြောင်းမှာ မော်တော်ကားလမ်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ပြီး နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရက တံတားများဆောက်၍ လမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိသည်။ ယခင်က မြန်မာနိုင်ငံတွင် အထက်ပိုင်းနှင့် အောက်ပိုင်း ဆက်သွယ်သွားလာနေသည့် လမ်းကြောင်းသည် အဓိကအားဖြင့် ဧရာဝတီမြစ်၏ အရှေ့ခြမ်းမှသာ သွယ်တန်းလျက်ရှိသော်လည်း ယခုအခါ မြန်မာနိုင်ငံ၏ အရှေ့၊ အနောက်၊ တောင်နှင့် မြောက်အစိတ်အပိုင်း အားလုံး ဆက်သွယ်သွားလာနိုင်ကြစေရန် လမ်း၊ တံတားများက အသင့်ရှိနေပြီဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ မုံရွာသို့ ရောက်ပြီး နောက်တစ်နေ့တွင် မုံရွာခရိုင်မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ထွန်းနှင့်အတူ ကားနှစ်စီးဖြင့် ပုသိမ်-မုံရွာကားလမ်းမှ အမှတ်(၃)အပိုင်း မုံရွာ-ကဇွန်းမအပိုင်းကို ဝင်ရောက်လေ့လာကြသည်။

ယင်းအပိုင်းတွင် မုံရွာခရိုင်ဆောက်လုပ်ရေးက မိုင်တိုင်အမှတ် (၄၃၉)မှ မိုင်တိုင်အမှတ် (၄၅၀/၅)အထိ ၁၁ မိုင် ၅ ဖာလုံ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးလှထွန်းဦး ဦးဆောင်သည့် အဆောက်အအုံ အထူးအဖွဲ့ (၃)က မိုင်တိုင်အမှတ် (၄၃၁/၁) မှ (၄၃၉) အထိ ၈ မိုင်၊ နိုင်ဂရုကုမ္ပဏီက မိုင်တိုင်အမှတ် (၄၂၄/၅) မှ ၄၃၁အထိ ၆ မိုင် ၃ ဖာလုံ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးသောင်းမြင့်ထွန်း ဦးဆောင်သည့် လမ်းအထူးအဖွဲ့ (၁၀)က မိုင်တိုင်အမှတ် (၄၁၄/၅)မှ (၄၂၄/၅) အထိ(၁၀)မိုင်၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဒေါ်ကြည်ကြည်သွယ် ဦးဆောင်သည့် လေယာဉ်ကွင်းအထူး အဖွဲ့ (၂)က မိုင်တိုင်အမှတ် (၃၉၀) မှ (၄၁၄/၅) အထိ ၁၆ မိုင် ၅ ဖာလုံ၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့် ဦးဆောင်သော အဆောက်အအုံ အထူးအဖွဲ့ (၅)က (၁၀)မိုင်၊ မြန်မာအဓိပတိကုမ္ပဏီက မိုင်တိုင်အမှတ် (၃၈၇) မှ (၃၉၁) အထိ ၄ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတိုင်ခိုင် ဦးဆောင်သည့် လမ်းအထူးအဖွဲ့ (၁၃)က မိုင်တိုင် အမှတ် (၃၈၃) မှ (၃၈၇) အထိ ၈ မိုင်၊ ဒုတိယအင်ဂျင်နီယာမှူး ဒေါ်ငြိမ်းငြိမ်းဦးဆောင်သည့် ပခုက္ကူခရိုင် ပြည်သူ့ ဆောက်လုပ်ရေးအဖွဲ့က မိုင်တိုင်အမှတ် (၃၆၈) မှ (၃၈၀) အထိ ၁၂ မိုင်၊ IGE ကုမ္ပဏီမှ မိုင်တိုင်အမှတ် (၃၆၃) မှ (၃၆၈) အထိ ၅ မိုင် စသည်ဖြင့် အသီးသီး တာဝန်ယူ၍ ဖောက်လုပ်လျက်ရှိကြသည်။ တချို့နေရာတွင် မြေသားလုပ်ငန်းကို စက်ကြီးများဖြင့် ဆောင်ရွက်နေကြပြီး တချို့နေရာတွင် ကျောက်ခင်းလုပ်ငန်း၊ တချို့နေရာတွင် ကတ္တရာလောင်းခြင်း လုပ်ငန်းတို့ လုပ်ကိုင်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

ပုသိမ်-မုံရွာလမ်းအပိုင်း(၃) ကဇွန်းမမှ မုံရွာအထိ ၈၇ မိုင် ၅ ဖာလုံတွင် ရေပြွန်တံတား ၁၀၈စင်း၊ ပေ ၅၀ အောက် တံတား ၅၁ စင်း၊ ပေ ၅၀ အထက်တံတား ၁၄ စင်းကို လမ်းနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ကျွန်တော်တို့အဖွဲ့သည် မုံရွာမှ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ် အပါအဝင် ကျားတက်၊ တောင်ယမား၊ ဝက်ခုတ်၊ လင်းကကော၊ မြိုင်၊ ကိုင်းတောမ၊ ရေပြာအပိုင်းတို့ကို လေ့လာပြီးနောက် အပြန်တွင် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မုံရွာခရိုင် ယင်းမာပင်မြို့နယ်အတွင်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁၃)က တာဝန်ယူတည်ဆောက်နေသော မြောက်ယမားချောင်း တံတားသို့ ဝင်ခဲ့ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ◆**

ပုသိမ်-မုံရွာကားလမ်းကို စက်ကြီးများဖြင့် ဤသို့ ကတ္တရာခင်းနေစဉ်။

အမ်း - စစ်တွေလမ်းပိုင်း၊ ကျောက်တော် - ပလက်ဝလမ်းနှင့် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းလုပ်ငန်းများ ဝန်ကြီး ဦးခင်မောင်မြင့် စစ်ဆေး

နေပြည်တော် ဩဂုတ် ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် အမ်းမြို့မှ မော်တော်ယာဉ်ဖြင့် ရန်ကုန်-စစ်တွေလမ်း၏ အမ်း-စစ်တွေလမ်းပိုင်း မိုင်တိုင်အမှတ်(၁၀/၀)ရှိ မဲတောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက မဲတောင်ရှောင်ကွင်းလမ်း လမ်းအူကြောင်း ရှာဖွေထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မဲတောင်ရှောင်ကွင်းလမ်းကို အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အတက်အဆင်းပြေပြစ်သည့် လမ်းကြောင်းကို ဦးစားပေးရွေးချယ်ရန်နှင့် လိုအပ်သည့် စက်ယာဉ်ယန္တရားများကို ဖြည့်ဆည်းဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် အမ်း-စစ်တွေလမ်းပိုင်းတစ်လျှောက် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၃၀/၀)နှင့် (၃၀/၁)အကြားတွင် ရန်ကုန်-စစ်တွေလမ်းအပိုင်း(၁) အဆောက်အအုံ အထူးအဖွဲ့(၇)က ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်တော်-ပလက်ဝလမ်း မိုင်တိုင်အမှတ်(၃/၂)တွင် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့ခြင်း၊ အနိမ့်အမြင့်ဖြေခြင်း၊ တောင်ကြောမြေများ ဖြတ်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၈)က တာဝန်ယူဆောင်ရွက်သည့် ကျောက်တော်-ပလက်ဝလမ်း စီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၈)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းသိန်းက စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားများ တည်ဆောက်ရမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ကျောက်တော်-ပလက်ဝကားလမ်းသည် ပြည်နယ်ချင်းဆက်သွယ်သည့်လမ်းဖြစ်၍အထူးအလေးထား ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီတွင် လုပ်ငန်းအရှိန်အဟုန်မြင့် ဆောင်ရွက်ရန်၊ တံတားများ၊ ရေပြွန်များတည်ဆောက်ရန် လိုအပ်မှုအခြေအနေတို့ကိုလည်း အသေးစိတ်ပြုစု၍ အမြန်ဆုံးတင်ပြရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်-စစ်တွေလမ်း၏ အမ်း-စစ်တွေလမ်းပိုင်းရှိ ပိတောက်တံတားတွင် တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁၀)က တာဝန်ယူတည်ဆောက်နေသည့် မီးရထားကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကွန်ကရစ်ရက်မတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်တွေခရိုင်က တာဝန်ယူဆောင်ရွက်သည့် ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းလုပ်ငန်း ဆောင်ရွက်သည့် လမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စစ်တွေခရိုင် အင်ဂျင်နီယာမှူး ဦးဇော်နိုင်က ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်းကို ပုဏ္ဏားကျွန်းမြို့ မိုင်တိုင်(၀/၀)မှ ရသေ့တောင်မြို့ မိုင်တိုင်(၂၂/၆)အထိ တစ်ကြောင်းထိုးလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လမ်းခင်းပစ္စည်းများ ကြိုတင်စုဆောင်းထားရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့ရေးရာ လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၃၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ပြည်သူ့ရေးရာ လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E .Lt. Gen . Buivan Nam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်ရုံး ရဲချုပ်၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် ဗီယက်နမ်နှစ်နိုင်ငံ ရဲတပ်ဖွဲ့တို့အကြား နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး၊ လေ့ကျင့်ရေးနှင့် နည်းပညာဆိုင်ရာ ကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းနှင့်ရဲလုပ်ငန်း အတွေ့အကြုံများဖလှယ်ရေး စသည်တို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
[၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၇)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ
- ၈း၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၁၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော် F.C နှင့် Delta United F.C)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန ပဥ္စမ အကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ပထမဆု)(အထက-၁၊လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၅း၃၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၅ ၅။ သီချင်းကြီးပဒေသာ
- ၅း၄၀ ၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၅၀ ၇။ International Science News
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၁၁။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၀ ၁၂။ ရသပေါ် လွှင်သရုပ်ဆောင်လွှင်ပြိုင်
- ၇း၄၀ ၁၃။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ရွှေမြရံချယ်[စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလင်္ကာဝတ်ရည်)]
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၃)**
- ၁၉။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ)(တေမိယဇာတ်) (ဒုတိယဆု)(ဦးသော်တာ) (မန္တလေးတိုင်းဒေသကြီး)
- ၂၀။ အစီအစဉ်ပြီး၏။

ရွှေကျင်မြို့နယ်၌ စပါးခင်းများအတွင်း ငါးမြစ်ချင်း၊ တီလားပီးယား ငါးမျိုးစိုက်ထည့်

ရွှေကျင် ဩဂုတ် ၃၁

ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးအောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်အောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်တိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံအင်းသားကြီးများ တက်ရောက်ကြပြီး တောင်ဘက်ကျေးရွာ လယ် ၄၅ ဧကအတွင်း ငါးမြစ်ချင်း၊ တီလားပီးယား၊ ငါးခုံးမကောင်ရေ ၂၂၅၀၀ ခန့် စိုက်ထည့်ခြင်း၊ ရွှေကျင်မြစ်အတွင်း ငါးမြစ်ချင်းနှင့် ငါးသန် စုစုပေါင်း ၁၁ သိန်းခန့် စိုက်ထည့်ကြောင်း သိရသည်။ **(ဝဲပုံ)** (၄၇၀)

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

◆ **စာမျက်နှာ ၅ မှ**

မြောက်ယမားချောင်း၏ တံတားဆိုင်ရာ အချက်အလက်များမှာ-

တံတားအမျိုးအစား	- နှစ်လွှာတစ်ထပ်ဘေလီ (D/S BAILEY)
တံတားအရှည်	- ၁၂၈၀ ပေ
ခန်းဖွင့်ဖွဲ့စည်းပုံ	- ၈၀ ပေ × ၇ ခန်း (D/S ဘေလီ)
	၆၀ ပေ × ၁၂ ခန်း (D/S ဘေလီ)
ယာဉ်သွားလမ်းအကျယ်	- ၁၀ ပေ ၁၀½

ပုသိမ် - မုံရွာ ကားလမ်းဖောက် လုပ်ရာတွင် မြေကြီး လုပ်ငန်းများကို ဤသို့ စက်ကြီးများဖြင့် ဆောင်ရွက် နေကြစဉ်။

cm Ø m Boredpile

P7 A2 (S/S Bailey)

mØ mØ

p

p

A1

P7 (D/S Bailey)

သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ၂၀၀၅ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ကဒုံကနိ ကျေးရွာတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) လှူဒါန်းခဲ့သော ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဒိုကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apjrath Vienravi အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီ တည်ဆောက်ပေးခဲ့သော ကုမ္ပဏီများအနက် ပထမဆုရ ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးငွေးမြင့်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အမျိုးသားရေးစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီတည်ဆောက်ပေးခဲ့သော ကုမ္ပဏီများအနက် တတိယဆုရ ထူးကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

မြေငလျင်လှုပ်ခြင်း၊ ဆူနာမီ ကျရောက်ခြင်း၊ မုန်တိုင်းများဖြစ်ပွားခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုကျခြင်း၊ တောမီးလောင်ကျွမ်းခြင်း စသည်ဖြင့် အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည်လည်း အလားတူ သဘာဝဘေးအန္တရာယ်အချို့ကို ကြုံတွေ့ခဲ့ရကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသများသည် မုန်တိုင်းအန္တရာယ် မကြာခဏကြုံတွေ့ရသည့် ဒေသများဖြစ်သကဲ့သို့ ဆိုင်ကလုန်းမုန်တိုင်းအနေဖြင့် ပြီးခဲ့သော နှစ်ပေါင်း ၆၀အတွင်း ၃၅ ကြိမ် ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းကို တွေ့ရှိရကြောင်း၊ ၂၀၀၈ ခုနှစ် မေလဆန်းတွင် အကြီးမားဆုံး သဘာဝဘေးဖြစ်သည့် နာဂစ်မုန်တိုင်း တိုက်ခတ်မှုကို ကြုံတွေ့ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ခုနစ်မြို့နယ်တွင် နေအိမ်ပေါင်း သုံးသိန်းကျော်နှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၂ မြို့နယ်တွင် နေအိမ်ပေါင်း နှစ်သိန်းကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး စုစုပေါင်းလူဦးရေ တစ်သိန်းသုံးသောင်းကျော် သေဆုံးခဲ့ရကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုတန်ဖိုးပမာဏ စုစုပေါင်း ကျပ် ၁၁ ဒသမ ၇ ထရီလီယံ ရှိကြောင်း တွက်ချက်ရရှိခဲ့သည့်အတွက် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတွင် မကြုံစဖူး အသက်အိုးအိမ် စည်းစိမ်အများဆုံး ဆုံးရှုံးခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြီးလည်း ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ၂၀၀၄ ခုနှစ်အတွင်း အိန္ဒိယသမုဒ္ဒရာတွင် ကျရောက်ခဲ့သည့် ဆူနာမီဖြစ်စဉ် ဖြစ်ပွားပြီးနောက် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး အမျိုးသားအဆင့် ဦးဆောင်ကော်မတီဖွဲ့စည်း ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို ၂၀၀၅ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း၊ ကြိုတင်ဖွဲ့စည်းထားသော မိမိတို့ ဗဟိုကော်မတီသည် နာဂစ်မုန်တိုင်း ဖြစ်လျှင်ဖြစ်ချင်း ၂၀၀၈ ခုနှစ် မေ ၃ ရက်တွင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး၊ အရေးပေါ်စားနပ်ရိက္ခာ ထောက်ပံ့ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စသည့် အရေးပေါ်လုပ်ငန်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်မြေဒေသအလိုက် ဝန်ကြီးများကို တာဝန်ပေးပြီး မုန်တိုင်းသင့်ဒေသသို့ ချက်ချင်း သွားရောက်စေကာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်စေခဲ့ကြောင်း။

မိမိတို့ ဗဟိုကော်မတီအနေဖြင့် ရန်ကုန်မြို့တွင် ရှေ့တန်းရုံး အခြေစိုက်စခန်းဖွင့်လှစ်ပြီး **"အသက်ရှင် ကျန်ရစ်သူတိုင်း ဆက်လက် အသက်ရှင်သန် ရပ်တည်နိုင်ရမည်"** ဆိုသည့် သန္နိဋ္ဌာန်ဖြင့် မုန်တိုင်းသင့် ဒေသအနှံ့ ဖြန့်ကြက်သွားလာပြီး အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ခံရမှုကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်ရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်-

ပထမအဆင့် အရေးပေါ် ကယ်ဆယ်ရေးနှင့် ယာယီနေရာချထားရေး

ဒုတိယအဆင့် ပြန်လည်ထူထောင်ရေး

တတိယအဆင့် ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်သဘာဝဘေးဒဏ် ကာကွယ်ရေးတို့ကို စနစ်တကျ ဆောင်ရွက်ခဲ့ကြောင်း၊ ပထမအဆင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရေးပေါ်ကယ်ဆယ်ရေး စခန်းများအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၆၀ ခုနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၆၁၉ ခုရှိခဲ့ကြောင်း၊ အရေးပေါ်ကယ်ဆယ်ရေးနှင့်အတူ စားနပ်ရိက္ခာ ဖြည့်တင်းထောက်ပံ့ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ထိထိရောက်ရောက်ပေးနိုင်ရေးအတွက် နေရာအနှံ့ ပြန့်ကျဲနေသည့် အရေးပေါ်ကယ်ဆယ်ရေးစခန်းများကို စနစ်တကျ ပြန်လည်စုဖွဲ့ပြီး ရှေ့တန်းစခန်း ၁၂ ခု၊ အလယ်တန်းစခန်း ခြောက်ခုနှင့် နောက်တန်းစခန်းသုံးခု အဖြစ် ဖွင့်လှစ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း။

အသက်ရှင် ကျန်ရစ်သူတိုင်း ဆက်လက်အသက်ရှင် ကျန်ရစ်စေရန်နှင့် နောက်ဆက်တွဲ ကူးစက်ရောဂါများ ကျရောက်ခြင်းမရှိစေရန်အတွက် ကယ်ဆယ်ရေးစခန်းများနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှု ရှေ့တန်းစခန်းများကိုပါ ပူးတွဲဖွင့်လှစ်ပြီး မုန်တိုင်းသင့် ပြည်သူများ၏ စိတ်ဓာတ်မြှင့်တင်ပေးသည့် နှစ်သိမ့်ဆွေးနွေးမှု အပါအဝင် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင် ကောင်းမွန်လာစေရန် အနီးကပ်ကုသစောင့်ရှောက်မှု ပေးခဲ့သည့်အပြင် နေရာအနှံ့သွားလာနိုင်သည့် နယ်လှည့်ဆေးရုံ သင်္ဘောများကိုလည်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လဲပြိုကျနေသည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းရေးတို့ကို ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့် ပြည်သူများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေနှင့် စားနပ်ရိက္ခာ၊ ဆေးဝါးပစ္စည်းများကို အလျင်အမြန် ထောက်ပံ့ပို့ဆောင်ပေးနိုင်ရန်အတွက် တပ်မတော်က လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်နှင့် မော်တော်ယာဉ်များ၊ ပြည်တွင်း ရေကြောင်းမှ ရေယာဉ်များ၊ မြန်မာ့လေကြောင်း၊ မြန်မာ့မီးရထား၊ ပုဂ္ဂလိကရေယာဉ်များ စသည့် ကဏ္ဍပေါင်းစုံမှ ကူညီပေးပို့ထောက်ပံ့ခဲ့ကြောင်း၊ အလားတူ ပြည်တွင်းပြည်ပမှ လှူဒါန်းမှုများကိုလည်း လက်ခံရယူပြီး အချိန်နှင့် တစ်ပြေးညီ သယ်ပို့ဖြန့်ခွဲပေးခဲ့ကြကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

Cyclone Shelter

သာမန်အချိန်တွင် စာသင်ကျောင်းအဖြစ် အသုံးပြုပြီး အရေးပေါ်အချိန်များတွင် အခိုင်အမာ ခိုလှုံရာအဖြစ် အသုံးပြုနိုင်မည့် Cyclone Shelter ဆောက်လုပ်ပြီးစီးမှုကို ဒေးဒရဲမြို့နယ် ဒမင်းဆိပ်ကျေးရွာ၌ တွေ့ရစဉ်။

ပြည်တွင်း ပြည်ပမှ ရဟန်းရှင်လူပြည်သူအပေါင်းက ချက်ချင်းဆိုသကဲ့သို့ ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ဘက်ပေါင်းစုံ ပါဝင်ကူညီပေးခဲ့ကြသည့်အတွက် အချိန်တိုအတွင်း မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့

❑ စာမျက်နှာ ၇ မှ

အုပ်ချုပ်ရေးယန္တရား မပျက်ပြားစေရအောင် ဝန်ကြီးများကို မြို့နယ်အဆင့်အထိ အနီးကပ် ကြီးကြပ်စေခဲ့သည့်အပြင် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထုတို့မှ ပူးပေါင်းပါဝင်ပြီး စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြကြောင်း။

ပြန်လည်ထူထောင်

မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဗဟိုကော်မတီ အနေဖြင့် **"မြေအုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့"** ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို မမှိတ်မသုန် စွဲစွဲမြဲမြဲခံယူပြီး ပြန်လည်ထူထောင်ရေးအဆင့်နှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးအဆင့် စသည့်အဆင့်တိုင်းတွင် ဒေသဖွံ့ဖြိုးရေးကိုပါ ယှဉ်တွဲဆက်စပ်ပြီး စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မုန်တိုင်းသင့် ပြည်သူများကို ပြန်လည်နေရာချထားရာတွင်လည်း မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် အိုးအိမ်များကို တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း အမြန်ဆုံး ပြန်လည်ထူထောင်ပေးခဲ့ကြောင်း။

နာဂစ်မုန်တိုင်း ကျရောက်ရာဒေသသည် မြန်မာနိုင်ငံ၏ ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်သည့်အတွက် မျိုးစပါး၊ လယ်ထွန်စက်၊ ဓာတ်မြေဩဇာနှင့် ကျွဲ၊ နွား တို့ကို အမြန်ဆုံး ဖြည့်ဆည်းပေးခဲ့ပြီး ဆန်စပါးထွက်ရှိမှု သိသိသာသာ ကျဆင်းမသွားစေရအောင် ဆောင်ရွက်ခဲ့ကြောင်း။

ရေလုပ်ငန်း ပြန်လည်ထူထောင်နိုင်ရေးအတွက်လည်း ငါးဖမ်းပိုက်နှင့် ငါးဖမ်းလှေများကို အမြန်ဆုံး စုဆောင်းဖြည့်တင်းပေးရာတွင် စက်တပ်လှေပေါင်း တစ်သောင်းကျော်နှင့် ငါးဖမ်းပိုက်မျိုးစုံ နှစ်သောင်းခြောက်ထောင်ကျော်ကို ဖြန့်ဖြူးပေးခဲ့ကြောင်း။

ဆားထုတ်လုပ်သည့် ရာသီအမီ ဆားလုပ်ငန်းပြန်လည်ထူထောင်နိုင်ရေးအတွက် ဆားလုပ်ငန်းရှင်များအား ငွေကျပ် ရှစ်ဘီလီယံ ချေးငှားပေးခဲ့ပြီး လက်တွန်းထွန်စက်၊ ထွန်စက်ကြီး၊ ရေစုပ်စက်၊ သစ်၊ ဒီဇယ်ဆီများ ရရှိအောင် အထူးအစီအစဉ်တစ်ရပ် အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း။

တစ်ချိန်တည်းမှာပင် ဆက်သွယ်မှုကောင်းမွန်ရေးအတွက် ကမ်းရိုးတန်း စီဒီအမ်အေကွန်ရက်စနစ်ကို ချက်ချင်းထူထောင်ပေးခဲ့ပြီး လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက်လည်း တစ်နိုင်ငံလုံးတွင်ရှိသည့်လျှပ်စစ်ဝန်ထမ်းများကို ခေါ်ယူစုစည်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း။

မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရသည့် အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် စာသင်နှစ် ကျောင်းဖွင့်ချိန်အမီ စာသင်ကျောင်း ၂၄၂၇ လုံးကို ပြန်လည်ပြုပြင်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ကုမ္ပဏီပေါင်း ၇၃ ခုနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

အင်တိုက်အားတိုက်

အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြရသည့် မုန်တိုင်းသင့် ပြည်သူများအတွက်လည်း ကျေးလက်အိမ်ရာ စုစုပေါင်း တစ်သောင်းကျော် တည်ဆောက်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ နေရာချထားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းရှင်များသည် အချိန်မီ ပြီးစီးရေးအတွက် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားပြီး တက်တက်ကြွကြွ အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် မိမိတို့ ဗဟိုကော်မတီအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားထားနေရသည့် ဤဒေသအတွက် ရေရှည်သဘာဝဘေး ကာကွယ်ရေး အတွက်သာမက ကုန်ထုတ်လမ်းမကြီးများ အဖြစ်ပါ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းမကြီး ၁၁ လမ်း ပါဝင်သည့် လမ်းကွန်ရက်စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် လမ်းကြောင်းတစ်လျှောက် သက်ကယ်ကုန်းများကိုလည်း အရေးပေါ် အသက်ကယ်နိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ရေရှည်သဘာဝဘေး ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပင်လယ်ကမ်းပတ်တာများကိုလည်း ပြုပြင်ပေးခဲ့ပြီး ဒီရေတောများကိုလည်း ပြန်လည်ထူထောင်ပေးခဲ့ကြောင်း။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ပထဝီအနေအထားအရ အကာအကွယ်နည်းသော မြေပြန့်ဒေသဖြစ်သည့်အတွက် လေမုန်တိုင်း၊ ရေလွှမ်းမိုးမှု ဆူနာမီစသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးနှင့် လူများ၏ အသက်ကို ကယ်တင်နိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပင်လယ်ကမ်းစပ်နှင့် ထိစပ်နေသည့် ဒေသများကို ပထမဦးစားပေးအဖြစ် သတ်မှတ်ပြီး အခိုင်အမာခိုလှုံရာ Cyclone Shelter များ တည်ဆောက်ရန် စီမံခဲ့ကြောင်း၊ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဆေးရုံများအဖြစ် အသုံးပြုပြီး အရေးပေါ် အချိန်များတွင် အခိုင်အမာခိုလှုံရာအဖြစ် အသုံးပြုနိုင်မည့် Dual Used Cyclone Shelter များကို ယခုတက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိုးရာသီအတွင်းမှာပင် ခက်ခက်ခဲခဲ တည်ဆောက်ပေးခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင်

ပထမဆင့်အဖြစ် ငပုတောမြို့နယ်တွင် ချောင်းဝ၊ ပြင်ခရိုင်၊ သဃ်န်းကုန်းနှင့် သက္ကယ်သောင်၊ လပွတ္တာမြို့နယ်တွင် သဃ်န်းကြီး၊ ဇင်ရွှေကြီး၊ ပိုးလောင်း၊ သစ်ပုတ်နှင့် စလူဆိပ်၊ ဘိုကလေးမြို့နယ်တွင် ကဒုံကနီနှင့် ဧရာ၊ ဖျာပုံမြို့နယ်တွင် အမာနှင့် ဒေါ်ငြိမ်း၊ ဒေးဒရဲမြို့နယ်တွင် ဒမင်းဆိပ်၊ ကျုံဒါး၊ တိုးရွာနှင့် သောကြာ၊ ကွမ်းခြံကုန်းမြို့နယ်တွင် လက်ခုပ်ကုန်း စသည့်နေရာများ၌ Cyclone Shelter အလုံး ၂၀ ကို ရှေးဦးစွာတည်ဆောက်ပေးခဲ့ကြပြီး **ဒုတိယဆင့်**အဖြစ် ဖျာပုံမြို့နယ် ကုလားထိပ်၊ နောက်မီး၊ ဆိပ်မ၊ ချောင်းဝ၊ ဘိုကလေးမြို့နယ် ထော်ပိုင်၊ စက်ဆန်း၊ မော်လမြိုင်ကျွန်းမြို့နယ် ငွေစင်ရော်၊ ကြက်လျှာ စသည့် နေရာများတွင် ရှစ်လုံးထပ်မံ တည်ဆောက်ပေးခဲ့ကြောင်း၊ ရေချိုရှားပါးသော ဒေသဖြစ်သည့်အတွက် ယင်း Cyclone Shelter များတွင် ရေချိုလုံလောက်စွာ သိုလှောင်နိုင်ရေးအတွက် ရေဂါလန်တစ်သိန်းနှစ်သောင်းဆံ့ ရေချိုလှောင်ကန်များကိုလည်း ဖြည့်ဆည်းတည်ဆောက်ပေးခဲ့ကြကြောင်း၊ တည်ဆောက်ရေးကုမ္ပဏီများအနေဖြင့် ယင်း တည်ဆောက်ရေးလုပ်ငန်းများကို ရာသီဥတုအခက်အခဲ၊ သွားလာပို့ဆောင်ရေး

မော်လမြိုင်ကျွန်း-ရန်ကုန် ခရီးသည်ပို့ဆောင်ရေး မှန်လုံအမြန်ယာဉ်တစ်စီး ရာဇူဒိုင်တံတားအမှတ်(၁)ပေါ်မှ ဖြတ်သန်းမောင်းနှင်နေမှုကို တွေ့ရစဉ်။

လပွတ္တာခရိုင် ပြင်စလူမြို့တွင် နိုင်ငံတော်က ကျေးလက်အိမ်ရာများ တည်ဆောက်၍ စနစ်တကျ နေရာချထားပေးမှုကို တွေ့ရစဉ်။

ရေလမ်းကြောင်းတစ်ခုတည်းကိုသာ အားထားနေရသည့် ဤဒေသအတွက် ရေရှည်သဘာဝဘေး ကာကွယ်ရေး အတွက်သာမက ကုန်ထုတ်လမ်းမကြီးများအဖြစ်ပါ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လမ်းမကြီး ၁၁ လမ်း ပါဝင်သည့် လမ်းကွန်ရက်စီမံကိန်းကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့၊ ထို့အပြင် လမ်းကြောင်းတစ်လျှောက် သက်ကယ်ကုန်းများကိုလည်း အရေးပေါ် အသက်ကယ်နိုင်အောင် စီမံဆောင်ရွက်ပေးခဲ့။

ရေရှည်သဘာဝဘေး ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပင်လယ်ကမ်းပတ်တာများကိုလည်း ပြုပြင်ပေးခဲ့ပြီး ဒီရေတောများကိုလည်း ပြန်လည်ထူထောင်ပေးခဲ့။

...းနှင့် ဘက်ပေါင်းစုံ
...င် ဆောင်ရွက်နိုင်ခဲ့

...ဌာန ဝန်ကြီး ဦးသိန်းအောင် ကယ်ဆယ်ရေးနှင့် ...န်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် ...ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့် (သတင်းစဉ်)

...လှောင် ...စ်သိန်း ...ာန်များ ...ဆောက်

ပေးခဲ့ကြကြောင်း၊ တည်ဆောက်ရေး ကုမ္ပဏီများအနေဖြင့် ယင်း တည် ဆောက်ရေးလုပ်ငန်းများကို ရာသီဥတု အခက်အခဲ၊ သွားလာပို့ဆောင်ရေး

...များ တည်ဆောက်၍ စနစ်တကျ နေရာချထား

...အားထားနေရသည့် ဤဒေသ
...း အတွက်သာမက ကုန်ထုတ်
...အတွက် နိုင်ငံတော် အကြီး
...မကြီး ၁၁ လမ်း ပါဝင်သည့်
...အထည်ဖော် ဆောင်ရွက်ပေး
...သက်ကယ်ကုန်းများကိုလည်း
...တင်ရွက်ပေးခဲ့။
...င့် ဒေသဖွံ့ဖြိုးရေးအတွက်
...ပေးခဲ့ပြီး ဒီရေတောများကို

အခက်အခဲ၊ ယာဉ်ယန္တရားအခက်အခဲ စသည်ဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ပင်ပင်ပန်းပန်း ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့ရသည့်အတွက် မုန်တိုင်းသင့်ပြည်သူများအပေါ် ထားရှိသည့် စေတနာကို မိမိတို့ ဗဟိုကော်မတီ အနေဖြင့် မှတ်တမ်းတင်အပ်ပါကြောင်း။

အကျိုးတရားခံစားရ

နာဂစ်မုန်တိုင်း၏ ရိုက်ခတ်မှု ဒဏ်ရာဒဏ်ချက်များကို တုံ့ပြန်ရင်ဆိုင်ကြရာတွင် မိမိတို့ပြည်ထောင်စုတစ်ဝန်းလုံးကသာမက အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံ၊ ကုလသမဂ္ဂ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့များ၊ နိုင်ငံတကာ အလှူရှင်များ၏ တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြခြင်းတို့သည်လည်း မုန်တိုင်းသင့်ပြည်သူများအတွက် များစွာ အကျိုးတရား ခံစားခဲ့ရကြောင်း၊ ဤကဲ့သို့ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် တစ်တပ်တစ်အား ပါဝင်ကူညီ လှူဒါန်းခဲ့ကြသည့် ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့ကိုလည်း ဗဟိုကော်မတီအနေဖြင့် ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း ပြောကြားလိုကြောင်း။

ကျေပွန်စွာထမ်းဆောင်

နာဂစ်မုန်တိုင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်သဘာဝဘေး ကာကွယ်ရေးလုပ်ငန်းအဆင့်ဆင့်တွင် မိမိတို့ ထမ်းဆောင်ရမည့် တာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကိုယ်ကျိုးစီးပွားကို အလေးအနက်မထားဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးအတွက် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ကျရာကဏ္ဍအသီးသီးကနေ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အားလုံးကို မိမိတို့ ဗဟိုကော်မတီ အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားလိုကြောင်း။

ယခုကဲ့သို့ မြစ်ဝကျွန်းပေါ်ဒေသ၌ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့်အချိန်တွင် ပြည်တွင်းပြည်ပမှ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ချက်ချင်းဆိုသကဲ့သို့ ငွေအား၊ လူအား၊ ပစ္စည်းအားနှင့် ဘက်ပေါင်းစုံက ပါဝင်ကူညီ ပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အချိန်တိုအတွင်း မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ညီညွတ်မှုစွမ်းအား

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တွင် အရေးကြုံလာသည့်အခါ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အနေဖြင့် မြန်မာဆိုသည့် အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံပြီး နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် အခက်အခဲအမျိုးမျိုးကို ကျော်လွှားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို နာဂစ်မုန်တိုင်းဖြစ်စဉ်မှ လက်တွေ့သင်ခန်းစာ ရယူပြီး နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ လက်တွဲပြီး တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု မြင်ကွင်းနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းတင်ဓာတ်ပုံများကို ပြသသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ကဒုံကနိကျေးရွာတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) လှူဒါန်းခဲ့သော ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apjrath Vienravi အားလည်းကောင်း၊ ပြင်စလူမြို့တွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံ လှူဒါန်းခဲ့သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရ ကိုယ်စား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono အား လည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို အမျိုးသားရေး စိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ကူညီတည်ဆောက်ပေးခဲ့ကြသော ကုမ္ပဏီများအနက် ပထမဆုရ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်၊ ဒုတိယဆုရ ဒိုင်းမွန်းမာကျူရီကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်လွင်နှင့် တတိယဆုရ ထူးကုမ္ပဏီဥက္ကဋ္ဌ ဦးတေဇတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက စတုတ္ထဆုရ ဧဒင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ပဉ္စမဆုရ မိုးကြယ်စင်ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးအောင်၊ ဆဋ္ဌမဆုရ အေဝမ်းကုမ္ပဏီ ဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် သတ္တမဆုရ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုများ

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဂုဏ်ပြုဆုများ ရရှိကြသည့် အေရှားဝေါလ်ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ကျေး၊ ရွှေသံလွင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းထွန်း၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဧရာရွှေဝါကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်သက်မန်း၊ ဝါဝါဝင်း ကုမ္ပဏီ ဒါရိုက်တာ ဦးအာကာကြိုင်နှင့် T.Z.T.M ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသက်လင်းတို့အား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က ဂုဏ်ပြုဆုများ ရရှိကြသည့် တက်လမ်းကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးကျော်မင်းထွန်း၊ မြတ်နိုးသူကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးကျော်စိုးလွင်၊ F.M.I ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ပိုင်၊ ရွှေတောင်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ဇော်နိုင်၊ မြနန္ဒာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးလှိုင်နှင့် ပြည့်ဖြိုးကျော် ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးလှမောင်ရွှေတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့တွင် ပညာရပ်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ စေတနာဖြင့် ပြီးစီးသည်အထိ ပါဝင်ကူညီပေးခဲ့သော အငြိမ်းစား အင်ဂျင်နီယာချုပ်များအား လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် နေ့ရောညပါ အင်တိုက်အားတိုက် တာဝန်ထမ်းဆောင်ခဲ့ကြပြီး လုပ်ငန်းခွင်အရောက် နေပူမိုးရွာမရှောင် အနီးကပ်နေထိုင် ကြီးကြပ်ပေးခဲ့ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများအား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရက လှူဒါန်းပြီး မက်စ်မြန်မာကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့သည့် လပွတ္တာခရိုင် ပြင်စလူမြို့ရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံကို (၂၅)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အသုံးပြုရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား ☆

မြစ်ပြင်ကျယ်ကို ကန့်လန့်ဖြတ်ကာ ဆောက်လုပ်ထားသည့် ရာဇဒိုင်တံတား အမှတ်(၁)ကြီးက ဧရာဝတီတိုင်းဒေသကြီးသားတို့အတွက် တန်ဖိုးမဖြတ်နိုင်။

မုန်တိုင်းဒဏ်ခံအဆောက်အအုံများအား လွှဲပြောင်းပေး

☆

သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မက်စ် မြန်မာကုမ္ပဏီဥက္ကဋ္ဌတို့က ကျန်းမာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝင်းမြင့်က လက်ခံသည်။

ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာနှင့် ငပုတောမြို့နယ် ချောင်းဝကျေးရွာတို့ရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများအား စက်မှုလက်မှု အထက်တန်းကျောင်းများအဖြစ် အသုံးပြုရန်အတွက် အေရှားဝေါလ်ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုဦးက လက်ခံသည်။

ထို့နောက် ဘိုကလေးမြို့နယ် ကဒုံကနိ ကျေးရွာရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံအား အခြေခံပညာကျောင်းအဖြစ် အသုံးပြုရန်အတွက် အလှူရှင် ထိုင်းဘုရင့် သမီးတော်ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ယူတည်ဆောက်ခဲ့သည့် ထူးကုမ္ပဏီဥက္ကဋ္ဌတို့က လည်းကောင်း၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်တို့ရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံများအား အခြေခံပညာကျောင်းများအဖြစ် အသုံးပြုရန်အတွက် တာဝန်ယူတည်ဆောက်ခဲ့သည့် ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လည်းကောင်း ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကြရာ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်တို့က လက်ခံကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ အစီအစဉ်ဖြင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် ကုမ္ပဏီများကိုယ်စား ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အစည်းအဝေးခန်းမ ရှေ့တွင် ခင်းကျင်းပြသထားသော အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းတံတား တည်ဆောက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

သဘာဝဘေးအန္တရာယ်များ ကျရောက်လာလျှင် လူများ၏ အသက်ကို ကယ်တင်ရန် စီမံတည်ဆောက်ပေးထားသည့် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာရှိ လူ ၅၀၀ ခိုလှုံနိုင်သည့် Cyclone Shelter ကို တွေ့ရစဉ်။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပစဉ်။

စစ်ကိုင်း (ယခင်)အထက (၃)
ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

စစ်ကိုင်းမြို့ ကမ်းနားလမ်း ယခင်အထက (၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ် ဇေယျာလမ်း အောင်ထူးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အထက (၃) ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ယူခဲ့ကြသော အဝေးရောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့ အမှတ် (၃/၂၄) မင်းရဲကျော်စွာလမ်း လှိုင်သာယာနေ ဒေါ်ပင်မြင့်စံ ဖုန်း-၀၉၅၁ ၆၈၈၂၇၊ ဒေါ်မေစန်းဝေ Bio Queen ဘော်ဒါနှင့် နေ့အထူး အမှတ် (၁၉၆) ဒုတိယထပ် (၂၆×၂၇) ကြား (၈၃) လမ်း မန္တလေးမြို့ ဖုန်း-၀၂-၆၈၂၈၀၊ ဦးမြင့်ကို ဉာဏ်ထက်နေ့အထူးသင်တန်း၊ ကိုးသင်းရပ် ရွှေကြက်ယက် အမရပူရမြို့ ဖုန်း-၀၉-၂၀၃၈၇၉၁၊ ဦးသန်းလှ ကုန်သည်ဆင်ကျုံးရွာ တံတားဦးမြို့ ဖုန်း-၀၉-၂၁၀၇၄ ၀၅၅၊ ဒေါ်ဝင်းဝင်းနု (မိုးယံကဖေး) ပိုးတန်းရပ် စစ်ကိုင်းမြို့ ဖုန်း-၀၇၂-၂၁၂ ၀၉၊ ဦးဆွေတင့် စစ်ကိုင်းမြို့ Super Star မိတ္တူနှင့်စတိုး ဖုန်း-၀၇၂-၂၁၄၀၁နှင့် ဒေါ်ခင်မေမိုး အောင်စိုးကျော် ဆန်ရောင်းဝယ်ရေး မုံရွာမြို့ ဓမ္မာရုံလမ်း အလယ်ရပ် ဖုန်း-၀၉-၂၀၂၀၁၄၅ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(ကြေးမုံ)

မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက်

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြကတ္တရာလမ်းသစ် ၃၂ လမ်း မွမ်းမံပြင်ဆင်ခြင်း ၁၈ လမ်းအား လျာထားချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မိတ္ထီလာ ကန်ဘောင်လမ်း ပေ ၁၉၀၀ × ၁၂ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

သင့်သွေးဖြင့် အသက်ကယ်ပါ

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၁-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော် (ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၅) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တေးပဒေသာ
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (အသည်းအိမ်ထောင့်တစ်နေရာမှ)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးကျည်းကြော် ကင်ပွန်းချဉ်ဟင်းနဲ့ ငါးပိသုပ်)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၂)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၅)
၆း၂၀	ကျေးလက်ဇာတ်လမ်း (ကိုထိန်ရဲ့ ကွေးပုံ)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ(ဧရာ)
၇း၄၀	ဝတ္ထုတိုခံစားမှု (ခုတော့သိပါပြီ)
၈း၀၀	ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၈း၂၀	သူ့ခေတ်သူ့အခါတေးကမ္ဘာ
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ခန္ဓာကိုယ်ကျန်းမာရေး ရေကို အလေးထားသောက်သုံးပေး) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၉း၅၉	အဖိတ်နေ့နှိုးဆော်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာအလေးမအားကစားအဖွဲ့ ပူးတွဲလေ့ကျင့်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၃၁

မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ အဖွဲ့ဝင် ငါးဦးပါဝင်သော မြန်မာအလေးမ အားကစားအဖွဲ့သည် ရှန်ဟိုင်းအလေးမအဖွဲ့နှင့် နှစ်လကြာ ပူးတွဲလေ့ကျင့်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

လိုက်ပါ

မြန်မာအလေးမအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးငွေးဝင်း (တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်)၊ နည်းပြ ဦးဝင်းနိုင် [နည်းစနစ်မှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)]၊ အားကစားသမားများအဖြစ် ပြည့်ဖြိုး(ကာကွယ်ရေးဝန်ကြီးဌာန)၊ကျော်မိုးဝင်း(လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)၊ ဟေမာမြင့်ဝင်း (အမှတ်(၁) စက်မှုဝန်ကြီးဌာန)တို့ လိုက်ပါသွားသည်။

မြန်မာအလေးမအဖွဲ့အား မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန)နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအလေးမအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (အလေးမအဖွဲ့ချုပ်)

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် (ကွာတားဖိုင်နယ်) ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၃၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထ အကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယအဆင့် (ကွာတားဖိုင်နယ်) ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် ပျဉ်းမနားမြို့နယ်ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန - နှစ်ဂိုး

(မျိုးမင်းထွန်း)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန - ဂိုးမရှိ

(ဒိုင်) ဦးသူရိန်စိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

စက်တင်ဘာ၁ရက်တွင် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ တတိယဆင့် (ကွာတားဖိုင်နယ်) ရှုံး/ထွက်ပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့်အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

လားရှိုးမြို့နယ်၌ လူကုန်ကူးသူလေးဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့သည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ရေပူစမ်းစစ်ဆေးရေးဂိတ်၌ ဆန်နီအငှားမော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို စစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နေ ဒေါ်မြင့်မြင့်စိန်၊ လားရှိုးမြို့နေ မအေးအေးခိုင်နှင့် အိုက်ဟိန်း၊ ရန်ကုန်မြို့ သာကေတမြို့နယ်နေ ကိုလတ်တို့ လေးဦးက သာကေတမြို့နယ်နေ အမျိုးသမီးငယ်နှစ်ဦးအား တစ်ဖက်နိုင်ငံသားနှင့် လက်ထပ်ရန် စည်းရုံးခေါ်ဆောင်လာကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့လေးဦးအား သိန်းနီရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း၊ အမျိုးသမီးငယ်နှစ်ဦးအား နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများ၏ ကဏ္ဍစုံ ခေတ်ပြိုင်အနုပညာလက်ရာများ ပြသမည်

ရန်ကုန် ဩဂုတ် ၃၁

Blue Wind အနုပညာမှ မြန်မာအမျိုးသမီးများ၏ ကဏ္ဍစုံခေတ်ပြိုင်အနုပညာလက်ရာများပြပွဲကိုစက်တင်ဘာ ၂ရက်မှ ၆ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ အမှတ်(၇)မဟာစည်ရိပ်သာလမ်း ရန်ကုန်မြို့ရှိ တကောင်းအနုပညာပြခန်း၌ ခင်းကျင်းပြသမည်ဖြစ်ပါသဖြင့် အနုပညာစိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၃၁

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရေပြာတပ်မတော် ဂေါက်ကွင်း၌ ဩဂုတ် ၂၇ ရက် နံနက် ၇ နာရီတွင် ဂေါက်သီးရိုက်ကစားခဲ့သော ဦးအုန်းထွဏ်း Linn Co.,Ltd. Yangon သည် ကျင်းနံပါတ် (၆) ၁၇၈ ကိုက် အကွာ အဝေးသို့ Feel No.3 ဘောလုံးအား Mac Iron No (6) ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သည်။အတူကစားဖော်များမှာ ဒေါက်တာညီညီထူး (ထူးဆေးခန်း)၊ ဦးမျိုးလှိုင် (တော်ဝင်ရွှေဆိုင်)၊ ဦးခင်ဖေ သတ္တု(ရွှေ)တို့ဖြစ်ကြသည်။ (ကြေးမုံ)

ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃၁

ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်နှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာအချို့တွင် ရေကြီးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်တွင် ဩဂုတ် ၂၅ ရက် ည ၁၀ နာရီမှ ည ၁၂နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုင်းလွေရွာအနီး နမ့်ဟိုတွဲချောင်းရေလျှံကာ မိုင်းယန်း-မိုင်းခတ်သွား ကားလမ်းပေါ်သို့ သုံးပေအထိ ရေကျော်ခဲ့ပြီး မိုင်းယန်းမြို့ ကောင်းမွန်ရပ်ကွက်၊ ဝမ်ဝိန်းရပ်ကွက်နှင့် မိုင်းလွေရွာတို့မှ လူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း၊ ရေဘေးသင့်သူများအား ဒေသဆိုင်ရာအာဏာပိုင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်မှ ပြည်သူများက ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး လိုအပ်သည်များ ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်းနှင့် ပွန်းပဲ့ဒဏ်ရာရရှိခဲ့သူအချို့အားဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သဲဖြူချောင်းရေ တိုက်စားရာမှ ဩဂုတ် ၂၈ရက် ည ၁၀ နာရီခန့်တွင် ကဇိုင်း-ညောင်ထောက်-သဲဖြူလမ်းပေါ် မိုင်တိုင်အမှတ် ၇၅နှင့် ၇၆ကြားရှိ သံပေါင်ဘေလီတံတားတစ်စင်း၏ တိုင်တစ်တိုင်နှင့် ရက်မတစ်ချောင်း မျောပါသွားခဲ့ပြီး ကြမ်းခင်း တစ်ပေခန့် နိမ့်ဆင်းသွားခဲ့ကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားလာမှု အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တံတားကို အမြန်ဆုံး ပြန်လည် ပြုပြင်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အနောက်မြို့ပတ်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ဒိုက်ဦးနှင့် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွား

နေပြည်တော် ဩဂုတ် ၃၁

ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ဒိုက်ဦးနှင့် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်တို့၌ ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေဘေးသင့်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရှိရသည်။

ပဲခူးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ်၃၀ရက် ညနေ၆နာရီခန့်တွင် ပဲခူးမြစ်ရေ မြင့်တက်လာခဲ့သဖြင့် ပဲခူးမြို့ပေါ်ရှိ ရွာသစ်၊ ကျောက်ကြီးစု၊ မြို့သစ်၊ ကလျာဏီ၊ ဇိုင်းဂနိုင်း(တောင်)၊ ဇိုင်းဂနိုင်း(မြောက်)၊ မဇင်း၊ ကျွန်းသာယာ၊ ဥဿာမြို့သစ်ရပ်ကွက်များသို့ ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊လူနှင့် ကျွဲ နွားတိရစ္ဆာန် သေဆုံးဒဏ်ရာရမှု မရှိကြောင်း၊ အဆောက်အအုံပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ထို့အတူ ဒိုက်ဦးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဩဂုတ်၂၉ရက် ည၈နာရီခွဲခန့်တွင် လက်ခုပ်ကွင်းကျေးရွာအနီး ကားလမ်းပေါ်သို့ ရေကျော်ခဲ့ပြီး ည၁၀နာရီခန့်တွင် ရေပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မင်းဘူး (စကု)မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၂၉ရက် ညနေ၃နာရီ ၄၅မိနစ်ခန့်တွင် မန်းကျင်းရပ်ကွက်အတွင်းသို့ ရေဝင်ရောက်ခဲ့ကြောင်း၊ မုန်းချောင်းကိုဖြတ်ကူးသည့် လူတစ်ဦး ရေစီးနှင့် မျောပါပျောက်ဆုံးသဖြင့် လိုက်လံရှာဖွေဆဲဖြစ်ကြောင်း၊ ရေဘေးသင့်သူများအား ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ကျွဲနွားတိရစ္ဆာန် သေဆုံးမှုမရှိကြောင်းနှင့် အဆောက်အအုံ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ရေဘေးသင့်သူများအား ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေတိုက်စားခဲ့သည့် နေရာများကို အမြန်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ကိုးဦးသေဆုံးပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့

နေပြည်တော် ဩဂုတ် ၃၁

တနင်္သာရီမြို့နယ် တုံထော်ကျေးရွာနေ မတ်လာရှာ (ခ) အောင်စိုးသည် ဩဂုတ် ၂၆ရက်တွင် တနင်္သာရီမြို့နယ် သိန်းခွန်ရွာနှင့် သဲဖြူရွာကြား၌ ဟင်းသီးဟင်းရွက်ရှာဖွေစဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သဖြင့် တနင်္သာရီမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ ကရင်ပြည်နယ် သံတောင်ကြီးမြို့နေ စောဘိုကံစိန်သည် ဩဂုတ် ၂၇ရက်တွင် သံတောင်ကြီးမှ ငါးမိုင်ခန့်အကွာ လိပ်ပြာကလေးရွာနှင့် မောင်းနွဲ့လေးရွာအကြား၌ မျှစ်ချိုးရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေဖနောက် ကြေမွပေါက်ပြဲဒဏ်ရာ၊ ဝဲပေါင်စုတ်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် ဘုရင့်နောင်တပ်မြို့ရှိ ဆေးရုံသို့ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဂွအိုင်ကျေးရွာနေ ဦးသောင်းမြင့်သည် ဩဂုတ်၂၈ရက်တွင် ရွာအရှေ့ဘက် ၁၀ မိုင်ခန့်အကွာ သံတောင်ကြီးမြို့နယ် မုတ္တိမြောင်တောင်အနီး ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိသဖြင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ထန်းတပင်မြို့နယ် ဂွအိုင်ကျေးရွာနေ အောင်မြင့်သည် ဩဂုတ် ၂၈ရက်တွင် သံတောင်ကြီးမြို့နယ် သပြေညွှန့်ကျေးရွာ မြောက်ဘက်ကိုးမိုင်ခန့်အကွာတွင် ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာဒူးအောက်ပြတ်၊ ဝဲပေါင်မိုင်းစထိမှန် ဒဏ်ရာရရှိသဖြင့် တောင်ငူမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ၁ရက်မှ ဩဂုတ် ၂၉ ရက်အထိ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများနင်းမိသဖြင့် နိုင်ငံတစ်ဝန်း အမျိုးသားခုနစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ကိုးဦး သေဆုံးပြီး အမျိုးသား ၄၆ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၅၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဘီးလင်းမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မာန်အောင်မြို့တွင် ၂ ဒသမ ၄၀ လက်မ၊ သထုံမြို့တွင် ၂ဒသမ ၃၂ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် ညောင်လေးပင်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဖောင်းတူမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ရေးမြို့နှင့် လောင်းလုံမြို့တို့တွင် ၂ ဒသမ ၀၁ လက်မ၊ မိတ္ထီလာမြို့တွင် သုည ဒသမ ၆၇ လက်မနှင့် မကွေးမြို့တွင် သုည ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

စက်တင်ဘာလ ၁ ရက် ညနေထိခန့်မှန်းချက်။ ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၂ဒသမသုညဒီဂရီစင်တီဂရိတ်)၉၀ ဒီဂရီဖာရင်ဟိုက်		၃၀-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၃၁-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ရာခိုင်နှုန်း	၃၁-၈-၂၀၁၀
မိုးရေချိန်	မရှိပါ	၃၁-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ဒသမ၈ ဒီဂရီစင်တီဂရိတ်)၈၉ ဒီဂရီဖာရင်ဟိုက်		၃၀-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန်(၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက်		၃၁-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း		၃၁-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	၄ဒသမ ၇ နာရီခန့်	၃၀-၈-၂၀၁၀

သန်လျင်မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်ရေးအဖွဲ့နှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်)တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ ရက်က ကျိုက်ဗောဓိ ခမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်ရုံး(သန်လျင်)မှ ခရိုင်ဦးစီးမှူး ဦးစံဟို**(အပေါ်ပုံ)**၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)မှ ဦးမျိုးအောင်လင်း(စစ်ဆေးရေးမှူး-၃)၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးချန်ထွန်းအောင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်မြင့်တို့က ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် စုစုပေါင်း ၄၅၃ ဦးတို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့်စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် အသေးစိတ် ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ (၅၂၇)

ဘုတလင်မြို့နယ်၌ အလှူရှင်စက်ရေတွင်း ဖွင့်လှစ်

ဘုတလင် ဩဂုတ် ၃၁

မုံရွာမြို့ ပညာရေးကောလိပ် မိသားစုက အလှူငွေကျပ် ၂၄ သိန်းဖြင့် တူးဖော်လှူဒါန်းသော နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ဘုတလင်မြို့နယ် သပြေပင်ကျေးရွာအုပ်စု ရှမ်းတဲကျေးရွာတွင် ကျင်းပသည်။

အဆိုပါ ကျေးလက်စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်လွင်၊ အလှူရှင် မုံရွာမြို့ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဒေါ်ခင်လှိုင်မြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်သန်းသန်းထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ သောက်သုံးရေ ရှားပါးသော ဒေသဖြစ်၍ ရေထွက်နှုန်းကောင်းမွန်ပြီး ရေချိုထွက်ရှိသောကြောင့် ဒေသခံကျေးလက်ပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းထိုက်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက စာသင်ကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်စိမ်းလန်းစိုပြည်လှပရေး သစ်ပင်များစိုက်ပျိုး

မိတ္ထီလာ ဩဂုတ် ၃၁

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ စိမ်းလန်းစိုပြည် လှပရေးအတွက် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) လမ်းဘေး ဝဲ၊ ယာတွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် တမာ၊ ယူကလစ်၊ မန်ကျည်း၊ ကုက္ကို စုစုပေါင်းအပင် ၈၆၀၀ ကို စိုက်ပျိုးခဲ့သည်။ ဩဂုတ် ၈ ရက်က မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဒေသခံကျေးလက်ပြည်သူများက ခရိုင်ချင်းဆက် လမ်းအမှတ်(၁) လမ်းမ ဘေး ဝဲ၊ ယာတွင် ထန်းပျိုးစေ့အပင် ၈၆၀၀ကို ထပ်မံစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၁၁၁)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မန်တုံ ဩဂုတ် ၃၁

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပြည်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီတွင် တရုတ်ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာအောင်မြင့်ဦးက သွေးလွန်တုပ်ကွေး ရောဂါနှင့် ပတ်သက်သော ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

ကံမမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုင်းရှူးမြို့အဝင် သန့်ရှင်းရေးဆောင်ရွက်

မိုင်းရှူး ဩဂုတ် ၃၁

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင်တွင် သန့်ရှင်းရေး ဆောင်ရွက်မှုကို ဩဂုတ် ၅ ရက်တွင် အမှုဆောင်အရာရှိ ဦးအောင်စိန်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ စုပေါင်း၍ ဩဂုတ် ၂၀ ရက်က ရေစီးရေလာ ကောင်းမွန်ရေးအတွက် အရှေ့လမ်းတစ်လျှောက် ရေနုတ်မြောင်း တူးဖော်သန့်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သက်ကြီး အားကစားသမားများ ပူဇော်ကန်တော့

ရန်ကုန် ဩဂုတ် ၃၁

၁၉၄၂ ခုနှစ်မှ စတင် တည်ထောင်ခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် အလေးမနှင့် ကာယဗလအသင်း၏ အသက်(၈၀)နှင့်အထက် သက်ကြီး အားကစားသမား အဘိုးသုံးဦးအား ပူဇော်ကန်တော့ပွဲကို ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ဇူလိုင် ၁၁ ရက်က ကျင်းပသည်။

ဆက်လက်၍ သက်ကြီး အားကစားသမား အဘိုးများဖြစ်ကြသော ဦးထွန်းကြည် (ကမ္ဘောဇမောင်)၊ ဦးစိန်ဖေနှင့် ဦးဘဌေးတို့ကို မျိုးဆက်သစ် အားကစားသမားများက လှူဖွယ်ပစ္စည်းများ အပါအဝင် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီဖြင့် ပူဇော်ကန်တော့ကြောင်း သိရသည်။ (၅၆၃)

အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၇ ရက်က အောင်လံမြို့ မြို့ပတ်လမ်းတစ်လျှောက် ဘူတာလမ်းဆုံမှ နှင်းဆီလမ်းဆုံအထိ အပိုင်းတွင် ကျင်းပခဲ့ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ အင်အား ၅၅၀ ခန့်ဖြင့် စုစုပေါင်းအပင် ၁၁၀၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

နမ့်ဆန်၌ ကျန်းမာရေးဆောင်ရွက်

နမ့်ဆန် ဩဂုတ် ၃၁

နမ့်ဆန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး ဦးဆောင်၍ ဩဂုတ် ၁၅ ရက်တွင် မြို့ပေါ်ငါးရပ်ကွက်ရှိ ရေတွင်းရေကန်များတွင် မိုးရာသီကျရောက်သည့် ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

စွမ်းစွမ်းကိုခေါ်ပါ
TV& Computer နှင့် Air-Con ရေခဲသေတ္တာ အိမ်အရောက်ပြုပြင်သည်။ အိမ်သုံးလျှပ်စစ်ပစ္စည်း အပျက်မျိုးစုံ ဝယ်ပါသည်။
ဖုန်း:- 540795,73008876

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တရားမရုံး၌
၂၀၁၀ ခုနှစ်၊ တရားမအသေးအဖွဲ့မှု အမှတ်-၄

ကွယ်လွန်သူ ဦးရဲလွင် [၁၃/ကမန(နိုင်) ၀၀၄၀၇၀]၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်သီတာလွင် လျှောက်သူ။

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်၊ မြို့ပတ်လမ်းသွယ်၊ အမှတ် (ခ/၂၄၃)နေ ဒေါ်သီတာလွင်က ကွယ်လွန်သူ ဦးရဲလွင်၏ အမွေဆက်ခံခွင့်ရှိသူ ဇနီးဖြစ်သည်ဟူ၍ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်နေ ၎င်းကွယ်လွန်သူ ဦးရဲလွင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန်၊ သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးရဲလွင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက် (၁၃၇၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်သီတာလွင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၁၀ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စိုးသိန်း)
ပြည်နယ်တရားသူကြီး

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးတက္ကသိုလ်၊ မြန်မာစာဌာန၊ နည်းပြဆရာမ ဒေါ်ဒေဇီနှင့် Mဒေဇီ [၁၃/တကန(နိုင်)၀၇၅၃၆၁] တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-တက/၆၃၂၈၀၊ ယာဉ်အမျိုးအစား-ဟွန်ဒါဒရင်း၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုင်းဝင်း မှတ်ပုံတင်အမှတ် [၁၃/မမန(နိုင်)၀၁၂၀၄၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(လွိုင်လင်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပမ/၂၄၉၂ Canda Dream 125 ယာဉ် လက်ဝယ်ရှိသူ အမည် ဦးသိန်းဝင်း မှတ်ပုံတင်အမှတ် [၇/ကပက(နိုင်)၀၇၇၄၁၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပမ/၄၈၄၆၉ JLM 110 ယာဉ် လက်ဝယ်ရှိသူ အမည် ဦးလှနွယ် မှတ်ပုံတင်အမှတ် [၇/အဖန(နိုင်) ၀၁၈၉၇၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (သာယာဝတီ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၈၀၀၃ NISSAN SUNNY S/L ယာဉ်လက်ဝယ်ရှိသူအမည် ဦးသိန်းထွန်း(၁) မှတ်ပုံတင်အမှတ် [၁၂/ကမတ(နိုင်)၀၁၇၂၉၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်းရုံး)
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မလမ/၄၀၆၈၂ ဟွန်ဒါဒရင်း(မ်) 125၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မိစီစီမိုး မှတ်ပုံတင်အမှတ် [၁၀/မလမ(နိုင်)၂၀၆၁၈၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဧရာဝတီနှင့် ချင်းတွင်းမြစ် အနောက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်-မုံရွာ ကားလမ်းအား ဧရာဝတီ၊ ပဲခူး၊ မကွေး၊ စစ်ကိုင်း စသည့် တိုင်းဒေသကြီးလေးတိုင်း ဖြတ်သန်းဖောက်လုပ်နေ

မြန်မာ့လေကြောင်းလိုင်းတစ်ခုဖြင့် ရန်ကုန်မှ မုံရွာသို့ ၁၀-၈-၂၀၁၀ ရက်နေ့က ရောက်ရှိခဲ့သည်။ ယခုခရီးစဉ်သည် ပုသိမ်-မုံရွာ ကားလမ်း မိုင်(၄၅၀/၅)ဖာလုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဧရာဝတီ-ပဲခူး-မကွေး-စစ်ကိုင်း စသည့် တိုင်းဒေသကြီး လေးတိုင်းကို ဖြတ်သန်း၍ ဖောက်လုပ်လျက်ရှိရာ အပိုင်း (၃)ဖြစ်သည့် ကဇွန်းမ-မုံရွာ အပိုင်းအား သတင်းဆောင်းပါး ဂုဏ်ပြုရေးသားရန် သွားရောက်ခဲ့သော လေ့လာရေးခရီး ဖြစ်သည်။ ထိုဧရာဝတီ၊ ချင်းတွင်းမြစ်နှစ်သွယ်တို့နှင့်အပြိုင် ကားလမ်းမိုင်ရှည်ကြီးတစ်လမ်းအား အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိသည်။ အပိုင်း(၁) ပုသိမ်-ဥသျှစ်ပင်အပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တာဝန်ယူ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪

ပုသိမ် - မုံရွာ ကားလမ်းဖောက်လုပ်ရာတွင် မြေသား အောက်လွှာ အခြေခံသိပ်သည်းမှုရရှိစေရန်အတွက် ဖို့မြေများကို ဤသို့ စက်ကြီးများဖြင့် ကြိတ်ပေးနေစဉ်။

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံ-မိုးမြင့်လှိုင်
အဆင်အပြင်-တင်ထွန်းတာ

ပုသိမ် - မုံရွာ ကားလမ်းပေါ်တွင် တံတားအထူးအဖွဲ့ (၁၃)က ဆောက်လုပ်ခဲ့သော မြောက်ယမားချောင်းတံတားကို ဤသို့ တွေ့ရစဉ်။

ပဲခူးမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၃၁

ပဲခူးမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၂၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)